# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် ၂၀၂၅ ခုနှစ်၊ မတ် ၂၉ ရက်၊ စနေနေ့ အတွဲ (၆၄)၊ အမှတ် (၁၈၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြင်းထန်စွာငလျင်လှုပ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ပြောကြားချက်

နေပြည်တော် မတ် ၂၈

မိဘပြည်သူများခင်ဗျာ။

မိဘပြည်သူများသိရှိပြီးဖြစ်တဲ့အတိုင်းပဲ ဒီနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်ခန့်မှာ နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ အချို့ဒေသတွေမှာ ငလျင်လှုပ်ခတ်မှုဖြစ်ခဲ့ပါတယ်။ ဖြစ်ပွားတဲ့နေရာကတော့ မန္တလေးမြို့ရဲ့ အရှေ့မြောက်ဘက် ၂၀ ကီလိုမီတာခန့်အကွာမှာ ဗဟိုပြုပြီးတော့ မြေအောက် ၁၀ ကီလိုမီတာအနက်မှာ လှုပ်တယ်လို့ ကျွန်တော်တို့သိရပါတယ်။ လှုပ်တဲ့အဆင့်ကတော့ ရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိကြောင်းနဲ့ အဲ့ဒီငလျင်က အလွန်ပြင်းထန်တဲ့ ငလျင်တစ်ခုဖြစ်ကြောင်းလည်း သိရှိရပါတယ်။ နောက်ဆက်တွဲငလျင်များလည်း ဆက်လက်လှုပ်ရှားခဲ့တာ ရှိပါတယ်။

ဒီလှုပ်ရှားမှုကြောင့် ထိခိုက်ပျက်စီးမှုတွေကတော့ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ နေပြည်တော်တို့မှာ ပျက်စီးမှုများပြားပါတယ်။ ယခုအချိန်အထိ သတင်းပို့ချက်အရတော့ နေပြည်တော်ကောင်စီနယ်မြေမှာ စာမျက်နှာ ၅ ကော်လံ ၁ ❑

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်နေရာများအား သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြား၊ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် မတ် ၂၈

ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၂၁ ကီလိုမီတာခန့် ကွာဝေးသော မန္တလေးမြို့၏ အရှေ့မြောက်ဘက် ၂၀ ကီလိုမီတာခန့်အကွာ၊ မြောက်လတ္တီတွဒ် ၂၂ ဒသမ ၀၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၂၃ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားခဲ့ပြီး နောက်ဆက်တွဲ ငလျင်ငယ် သုံးခုခန့် လှုပ်ရှားခဲ့ကြောင်း တိုင်းထွာရရှိသည်။

အဆိုပါ အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေ ပဲခူးတိုင်းဒေသကြီးတို့၌ ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်းတံတား၊ အဆောက်အဦးများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁ ❋



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဒဏ်ကြောင့် လမ်းများပျက်စီးခဲ့မှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးအား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် မတ် ၂၈**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယ ကာကွယ်ရေးဝန်ကြီး **Colonel General Alexander Vasilyevich Fomin** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Kubarovich AZIZOV၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်သူ့ရေးရာကောင်စီဥက္ကဋ္ဌ Mr. Pavel Nikoleaevich GUSEV၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ စစ်သံမှူးနှင့် ရုရှားနိုင်ငံမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ယခုကဲ့သို့ နှစ်(၈၀)ပြည့် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့မှုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံစုံတီးဝိုင်းအဖွဲ့မှလည်း မြန်မာနိုင်ငံသို့ လာရောက်၍ ဂုဏ်ပြုဖျော်ဖြေတင်ဆက် ပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် မြန်မာနိုင်ငံမှ လှိုက်လှဲစွာကြိုဆိုပါကြောင်း ပြောကြားပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးက ယခုကဲ့သို့ မိမိနှင့်ကိုယ်စားလှယ်အဖွဲ့များအား မြန်မာနိုင်ငံ၏ နှစ်(၈၀)ပြည့်တပ်မတော်နေ့ အခမ်းအနားသို့တက်ရောက်ရန် ဖိတ်ကြားခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ယခုကဲ့သို့တက်ရောက်ခွင့်ရသည့် အတွက်လည်း ဝမ်းမြောက် ဂုဏ်ယူပါကြောင်း ဖြင့် ပြန်လည်ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြား ရှည်ကြာသည့် သံတမန်ဆက်ဆံမှုရှိပြီး ကောင်းမွန်တိုးတက်သည့် ပူးပေါင်း ဆောင်ရွက်မှုများနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ကောင်းမွန်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် သွားရောက်စဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေး၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့မှု အခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်အကြား တပ်မတော်(ရေ)မှ စစ်ရေယာဉ်များ ချစ်ကြည်ရေးခရီးများ အပြန်အလှန်လည်ပတ်လျက်ရှိမှုအခြေအနေများ၊ စစ်ဘက်နည်းပညာနှင့် အာကာသနည်းပညာဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စစ်ဘက်နှင့် အရပ်ဘက်ပညာတော်သင်များ ရုရှားနိုင်ငံတွင် ပညာသင်ကြားလျက်ရှိမှုအခြေအနေများ၊ နိုင်ငံတကာတွင် ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးလျက်ရှိသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း ရုရှားနိုင်ငံဘက်မှ ရပ်တည်ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံသည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိမှုနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ကာကွယ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ဘာသာရေးနယ်ပယ်များသာမက အခြားနယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုများကို နှစ်ပေါင်းများစွာ တိုးတက်ခိုင်မြဲကောင်းမွန်စေရေး ရည်မှန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယ ကာကွယ်ရေးဝန်ကြီးအား နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယ ကာကွယ်ရေးဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin က လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးအား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lt. Gen. Viktar Gennadyevich Khrenin အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**နေပြည်တော် မတ် ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lt. Gen. Viktar Gennadyevich Khrenin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Uladzimir BARAVIKOU ၊ ဒုတိယကာကွယ်ရေးဝန်ကြီး Maj. Gen. Andrei Valerianovich Burdyko နှင့် ဘယ်လာရုစ်နိုင်ငံမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံစစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးအပ်**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ယခုကဲ့သို့ နှစ်(၈၀)ပြည့် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့မှုအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် မြန်မာနိုင်ငံမှ လှိုက်လှဲစွာ ကြိုဆိုပါကြောင်း ပြောကြားပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးက ယခုကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၏နှစ်(၈၀)ပြည့်တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ခွင့်ရရှိသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြန်လည်ပြောကြားကာ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာအလက်ဇန္ဒား လူကာရှန်ကိုမှ ပေးအပ်လိုက်သည့် မြန်မာနိုင်ငံ၏ နှစ်(၈၀)ပြည့် တပ်မတော်နေ့အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံ လက်ရောက်ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lt. Gen. Viktar Gennadyevich Khrenin အား လက်ခံတွေ့ဆုံစဉ်။

**ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မြဲစေရေး**

ယင်းနောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှု ၂၅ နှစ်ပြည့်မြောက်ခဲ့ပြီး ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက် ကောင်းမွန်လျက်ရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဘယ်လာရုစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း သဘောတူညီချက်ရရှိခဲ့သည့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား ကာကွယ်ရေးနှင့် စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာ ပူးပေါင်း ဆောင်ရွက်ရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ၊ ကုန်ထုတ်လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုနှင့် အပြန်အလှန်ကုန်သွယ်ရေးကဏ္ဍ၊ စက်မှု ကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ဆေးဝါးထုတ်လုပ်ရေးကဏ္ဍတို့အပါအဝင် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ အနာဂတ်ကာလတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မြဲစေရေးဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား အဆင့်မြင့် အရာရှိကြီးများ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် သွားရောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုအခြေအနေများနှင့် တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်တွင် နိုင်ငံရေး ခေတ်စနစ်အမျိုးမျိုးကို တွေ့ကြုံခဲ့ရပြီး ပြည်တွင်းပြည်ပ အန္တရာယ်ရန်စွယ် အမျိုးမျိုးကို အကြိမ်ကြိမ်ကာကွယ်စောင့်ရှောက်ခဲ့မှုအခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးထံ နှစ်(၈၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ဘယ်လာရုစ်သမ္မတနိုင်ငံကာကွယ်ရေးဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံ လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ် သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lt. Gen. Viktar Gennadyevich Khrenin ထံ နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

◆ မိဘပြည်သူများအနေဖြင့်လည်း သဘာဝဘေးကြောင့်ဖြစ်လာတဲ့ ဒီငလျင်ဒဏ်ကို ကယ်ဆယ်ရေးလုပ်ငန်းတွေ ကျယ်ပြန့်စွာ လုပ်ဖို့ရှိတဲ့အတွက်ကြောင့် တတ်နိုင်သလောက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံလိုပါတယ်

◆ ကျွန်တော့်အနေနဲ့လည်း ဖြစ်ပွားတဲ့ဒေသအားလုံးကိုလည်း အရေးပေါ်အခြေအနေကြေညာထားပြီးတော့ ပြည်ပအကူအညီများ ပေးနိုင်ဖို့လည်း အကုန်လမ်းဖွင့်ပေးထားပြီး ဖြစ်ပါတယ်

❑ ရှေ့ဖုံးမှ

၉၆ ယောက်၊ စစ်ကိုင်းမြို့မှာ ၁၈ ယောက်၊ ကျောက်ဆည်မြို့မှာ ၃၀ ယောက် စုစုပေါင်း ၁၄၄ ယောက် သေဆုံးကြောင်းနဲ့ ဒဏ်ရာရတာကတော့ နေပြည်တော်ကောင်စီနယ်မြေမှာ ၄၃၂ ယောက်၊ စစ်ကိုင်းမြို့မှာ ၃၀၀ ယောက်နဲ့ ကျောက်ဆည်မြို့မှာ စိစစ်ဆဲဖြစ်ပြီး အားလုံးပေါင်း ၇၃၂ ယောက် ဒဏ်ရာရရှိတယ်လို့ ကျွန်တော်တို့သိရပါတယ်။ သေဆုံးမှုနဲ့ ဒဏ်ရာရရှိမှုကတော့ ဒီထက်တိုးလာစရာရှိပါတယ်။ အချို့နေရာတွေမှာလည်း တိုက်တွေပြိုကျတဲ့အတွက်ကြောင့် ဒီတိုက်တွေကိုလည်း ပြန်ပြီးတော့မှ ဆယ်တင်ရေးလုပ်ငန်းတွေကို ကျွန်တော်တို့ လုပ်နေဆဲဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ရောက်ရှိကြည့်ရှုပြီးလည်းဖြစ်ပါတယ်။ မိဘပြည်သူများအနေဖြင့်လည်း သဘာဝဘေးကြောင့်ဖြစ်လာတဲ့ ဒီငလျင်ဒဏ်ကို ကယ်ဆယ်ရေးလုပ်ငန်းတွေ ကျယ်ပြန့်စွာလုပ်ဖို့ရှိတဲ့အတွက်ကြောင့် တတ်နိုင်သလောက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။

ကျွန်တော့်အနေနဲ့လည်း ဖြစ်ပွားတဲ့ဒေသအားလုံးကိုလည်း အရေးပေါ်အခြေအနေ ကြေညာထားပြီးတော့ ပြည်ပအကူအညီများပေးနိုင်ဖို့လည်း အကုန်လမ်းဖွင့်ပေးထားပြီး ဖြစ်ပါတယ်။ မကြာသေးမီကပဲ AHA စင်တာကနေပြီးတော့ မနက်ဖြန်မှာ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းတွေ ပို့ဖို့နဲ့ အိန္ဒိယနိုင်ငံကလည်း မနက်ဖြန်မှာ ကူညီကယ်ဆယ်ရေးပစ္စည်းတွေပို့ဖို့ ကမ်းလှမ်းလာတာရှိတဲ့အတွက် ခွင့်ပြုထားပြီးဖြစ်ကြောင်း ကျွန်တော်ပြောလိုပါတယ်။ မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းမဆို မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ရဟန်း၊ ရှင်လူ မိဘပြည်သူ မည်သူမျှမဆို လာရောက်ကူညီနိုင်ဖို့ ကျွန်တော်ဖိတ်ကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်းထန်စွာငလျင်လှုပ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်ကြောင့် လမ်းများပျက်စီးခဲ့မှုကို ကြည့်ရှုစစ်ဆေးစဉ်။

❄ ရှေ့ဖုံးမှ

ထိုသို့ဖြစ်ပေါ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်နေရာများအား ငလျင်လှုပ်ခတ်ခဲ့မှုဖြစ်ပွားခဲ့ပြီးမကြာမီ နာရီပိုင်းအတွင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပင်လောင်းလမ်းဆုံနေရာမှ နေပြည်တော်တိုင်းစစ်ဌာနချုပ် မီးပွိုင့်နေရာအထိ ငလျင်ဒဏ်ကြောင့် လမ်းတံတားပျက်စီးခဲ့မှုများ၊ ရာဇဌာနီလမ်းမကြီးပေါ်ရှိ လမ်းတံတားပျက်စီးမှုများ၊ ပျဉ်းမနား-တောင်ညိုလမ်းမကြီးပေါ်ရှိ လမ်းတံတားပျက်စီးမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး အများပြည်သူများ သွားလာမှု အဆင်ပြေစေရေးနှင့် အမြန်ဆုံးသွားလာနိုင်ရေး ဦးစားပေး ဆောင်ရွက်သွားရန်၊ လူအင်အား၊ ယာဉ်ယန္တရားအင်အားများကိုအသုံးပြု၍ လမ်းကြောင်းများ အမြန်ဆုံး ပြန်လည်ကောင်းမွန်စေရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) သို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့်ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား

စာမျက်နှာ ၆ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ဆေးဝါးကုသပေးနေမှုကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ဆေးဝါးကုသပေးနေမှုကို ကြည့်ရှုစဉ်။

စာမျက်နှာ ၅ မှ

ဆေးဝါးကုသမှု ဆောင်ရွက်ပေးနေမှုများကိုကြည့်ရှု၍ အားပေးစကားပြောကြားကာ ထိခိုက်ဒဏ်ရာရရှိသူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို အမြန်ဆုံးဆောင်ရွက်ပေးသွားနိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးတို့ပူးပေါင်း၍ လျင်လျင်မြန်မြန်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခရေဝန်ထမ်းအိမ်ရာအတွင်း ငလျင်ဘေးဒဏ်သင့်မှုကြောင့် ပျက်စီးခဲ့ရသည့် အိမ်ရာများကို ကြည့်ရှုစစ်ဆေးစဉ်။

## ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေး

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်မြို့မဈေးအနီးရှိ ခရေဝန်ထမ်းအိမ်ရာအတွင်း ငလျင်ဘေးဒဏ်သင့်မှုကြောင့် ပျက်စီးခဲ့ရသည့် အိမ်ရာများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများနှင့် သပြေကုန်းဈေးအတွင်းရှိ ဆိုင်ခန်းများ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့မှုများကို ကူညီကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက် ပေးနေမှုများအား သွားရောက်ကြည့်ရှု၍ အဆောက်အဦးပျက်များအတွင်း ပိတ်မိနေသူများကို အမြန်ဆုံးကယ်ထုတ်နိုင်ရေး ဦးစားပေးဆောင်ရွက်သွားရန်၊ ကူညီကယ်ဆယ်ရေး ဆောင်ရွက်မည့်သူများအား ပစ္စည်းကိရိယာ စုံစုံလင်လင်ဖြင့် ဆောင်ရွက်စေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေး ဂရုပြုဆောင်ရွက်သွားစေရန်နှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သပြေကုန်းဈေးအတွင်းရှိ ဆိုင်ခန်းများ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့မှုများအား ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစဉ်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး Vicktor Gennedievich Krenin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၈

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး Vicktor Gennedievich Krenin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကာကွယ်ရေး ဝန်ကြီးဌာနနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနတို့ အကြား စစ်ဘက်ဆိုင်ရာ ဆက်ဆံရေး အခြေအနေများ၊ စစ်ဘက်ဆိုင်ရာ လေ့ကျင့်ရေးနှင့် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ နှစ်နိုင်ငံ စစ်ဘက်နည်းပညာ ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ နှစ်နိုင်ငံ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးအတွက် အလားအလာရှိသော ကဏ္ဍများအား ရှာဖွေဖော်ထုတ်ပြီး ဆက်လက် ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့ပြင် ထောက်ပံ့နှင့်ပို့ဆောင်ရေးဆိုင်ရာကိစ္စရပ်များ၊ စစ်ဘက်ဆိုင်ရာ လေ့ကျင့်ရေးနှင့် ပညာရေးဆိုင်ရာ ကိစ္စရပ်များအပါအဝင် ပူးပေါင်းဆောင်ရွက်နိုင်မှုများကို နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများအကြား သီးခြား ဆွေးနွေးပွဲများဖြင့် အသေးစိတ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲများအပြီးတွင် ဆွေးနွေးပွဲမှတ်တမ်းအား ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး Vicktor Gennedievich Krenin တို့က အတည်ပြုလက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ပြီး နှစ်နိုင်ငံ ဆွေးနွေးမှု မှတ်တမ်းများအား အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

အစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## အရေးပေါ်သွေးလိုအပ်မှုအခြေအနေနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာခြင်း

**နေပြည်တော် မတ် ၂၈**

ပြင်းထန်သည့်ငလျင်လှုပ်ခတ်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့ ငလျင်ဒဏ်သင့်ခဲ့ရသည်။

ထိုသို့ ငလျင်ဒဏ်သင့်ခဲ့ရသည့်အတွက် ပြည်သူအချို့ သေဆုံးခဲ့ရပြီး ထိခိုက်ဒဏ်ရာ ရရှိမှုများရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေတို့ရှိ ပြည်သူ့ဆေးရုံများတွင် အများအပြားတက်ရောက်ဆေးကုသမှုခံယူရလျက်ရှိကာ အရေးပေါ်သွေးလိုအပ်မှုများရှိနေသဖြင့် သွေးအလှူရှင်များအနေဖြင့် ဆေးရုံများသို့ အမြန်ဆုံးဆက်သွယ်၍ သွားရောက်လှူဒါန်းပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**



ရောဝတီတိုင်းဒေသကြီး မအူပင်မြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်းများကို မတ် ၂၈ ရက်က မအူပင်စက်မှုဇုန်ဝင်းအတွင်း မအူပင်ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိုးမိုးထွန်းနှင့်တပ်ဖွဲ့ဝင်များ ဆောင်ရွက်စဉ်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## National ICT Awards 2024 ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၂၈**

ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်းကျင်းပသော National ICT Awards 2024 (Educational Project & Skills Competition) ဆုချီးမြှင့်ပွဲနှင့် ပရောဂျက်များ ခင်းကျင်းပြသပွဲကို မတ် ၂၆ ရက်က လှိုင်တက္ကသိုလ်နယ်မြေ Conference Hall, MICT Park ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် နာယက ဦးသိန်းဦးက မုဒိတာစကား ပြောကြားပြီး မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက်ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတိုးဝင်းက ကျေးဇူးတင်စကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ National ICT Awards 2024 (Educational Project & Skills Competition) ပြိုင်ပွဲအတွက် ပေးအပ်သော ငွေကျပ်သိန်း ၅၀ ကို တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ပေးအပ်ရာ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူက လက်ခံရယူသည်။

ထို့နောက် ပြိုင်ပွဲပထမဆုရရှိသူများအား တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့မှ တာဝန်ရှိများက ဆုများချီးမြှင့်ကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် လူ့စွမ်းအားအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဦးငြိမ်းဦးက ပြိုင်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြိုင်ပွဲဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု ရရှိသူများအား မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှတာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။ **အောင်မြင့်(ပြန်/ဆက်)**



# မန္တလေးမြေငလျင်စခန်း၏ အရှေ့မြောက်ဘက် ၂၁ ကီလိုမီတာ အကွာအဝေးကိုဗဟိုပြုပြီး အင်အား ၇ ဒသမ ၇ ရစ်(ခ်)တာစကေး ငလျင်လှုပ်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်

ကျွန်တော်တို့ ဒီနေ့ မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်မှာ မန္တလေးမြေငလျင်စခန်းရဲ့ အရှေ့မြောက်ဘက် ၂၁ ကီလိုမီတာ အကွာအဝေးကို ဗဟိုပြုပြီး အင်အား ၇ ဒသမ ၇ ရစ်(ခ်)တာစကေး ငလျင်လှုပ်ခဲ့ပါတယ်။ ဒီလျှင်နဲ့ပတ်သက်ပြီး လျှင်ထိခိုက်ဒဏ်ရာခံရတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးမှာရှိတဲ့ ငလျင်ဒဏ်သင့်ဒေသတွေကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီကနေ အရေးပေါ်အခြေအနေအဖြစ် ကြေညာလိုက်ပါတယ်။ ဒါအစိုးရအနေနဲ့ စုံစမ်းစစ်ဆေးမှုတွေ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောလျင်စွာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ထွက်ပေါ်လာနိုင်တဲ့ ကောလာဟလအပေါ်တွေမှာ ယုံကြည်ခြင်းမရှိဘဲ သဘာဝ




ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ကော်မတီရဲ့ အဆက်မပြတ် ထုတ်ပြန်နေတဲ့ သတင်းထုတ်ပြန်ချက်များနဲ့အညီသာ လိုက်နာဆောင်ရွက်ကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဒီလျင်ဟာ ခန့်မှန်းချက်တွေအရ နောက်ဆက်တွဲ ငလျင်များ လှုပ်နိုင်ပါတယ်။ ဒါ့ကြောင့် ဘေးကင်းတဲ့ နေရာမှာနေကြဖို့ အရေးကြီးတိုက်တွန်းပြောကြားလိုပါတယ်။

ဒီအရေးကြီးအခြေအနေအရ ထုတ်ပြန်ကြေညာအပ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်လည်း နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးမှာရောက်နေပါတယ်။ လူနာတွေလိုက်ကြည့်နေပါတယ်။ အဓိက ကျွန်တော် ထုတ်ပြန်ချင်တာက မန္တလေး၊ နေပြည်တော်၊ စစ်ကိုင်းမှာရှိတဲ့ ဆေးရုံတွေမှာ ငလျင်ဒဏ်ကြောင့် ဒဏ်ရာရလူနာတွေ များပြားနေပါတယ်။ အဲဒီမှာ သွေးလိုအပ်ချက်လည်း များပြားပါတယ်။ သွေးအလှူရှင်များ မန္တလေး၊ နေပြည်တော်၊ စစ်ကိုင်းဒေသမှာရှိတဲ့ သွေးအလှူရှင်များ ဆေးရုံများနဲ့ အမြန်ဆုံး ဆက်သွယ်ကူသိုလ်ပြုပေးကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။

**သတင်းစဉ်**

## အထူးဝမ်းနည်းကြောင်း ထုတ်ပြန်ခြင်း

၂၀၂၅ ခုနှစ် မတ်လ (၂၈) ရက် မြန်မာစံတော်ချိန် မွန်းလွဲ(၁၂)နာရီ (၅၁)မိနစ် (၀၂) စက္ကန့် အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် (၂၁)ကီလိုမီတာခန့် ကွာဝေးသောနေရာကို ဗဟိုပြု၍ မြန်မာနိုင်ငံအတွင်း၌ အလွန်ပြင်းထန်စွာ လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် သေဆုံးထိခိုက်ဒဏ်ရာရရှိမှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး YMBA မှ အထူးဝမ်းနည်းခြင်းဖြစ်ရပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## MNL-2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲ Young Boy နှင့် YRFA အသင်း ဗိုလ်လုပွဲယှဉ်ပြိုင်မည်

**ရန်ကုန် မတ် ၂၈**

MNL–2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မတ် ၂၆ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ Young Boy နှင့် YRFA အသင်း တက်ရောက်သွားခဲ့သည်။

ဗိုလ်လုပွဲ တက်ရောက်သွားသည့် Young Boy အသင်းနှင့် YRFA အသင်းသည် လာမည့်ရာသီ MNL–2 (ပထမတန်း) ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရခဲ့သည်။ နံနက်ပိုင်းက ကျင်းပသည့် ဆီမီးဖိုင်နယ် ပထမပွဲတွင် Young Boy အသင်းက 10/Mon အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ Young Boy အသင်းသည် ခြေအသာဖြင့် ကစားကာ ဂိုးပြတ်အနိုင်ယူပြီး ဗိုလ်လုပွဲ တက်ရောက်သွားခြင်း ဖြစ်သည်။ Young Boy အသင်းအတွက် အနိုင်ဂိုးများကို ၁၆ မိနစ်တွင် အောင်သက်ဆန်း၊ ၃၃ မိနစ်တွင် ပြည့်အောင်သိန်း၊ ၇၄ မိနစ်တွင် ကျော်ပြည့်စုံတို့က သွင်းယူပြီး 10/Mon အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၄ မိနစ်တွင် လွင်ကိုနိုင်က သွင်းယူခဲ့သည်။

ညနေပိုင်းကျင်းပသည့် ဆီမီးဖိုင်နယ် ဒုတိယပွဲတွင် YRFA အသင်းက Zan United အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ သာမန်ပွဲကစားချိန် မိနစ် ၉၀ တွင် တစ်ဂိုးစီ သရေကျနေသဖြင့် အချိန်ပို ဆက်လက်ကစားရာ YRFA အသင်းက အနိုင်ဂိုးသွင်းယူပြီး ဗိုလ်လုပွဲ တက်ရောက်သွားသည်။ ၅၅ မိနစ်တွင် စိုင်းဇေယျာကျော်က YRFA အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသော်လည်း ပွဲပြီးခါနီးတွင် အောင်ဝင်းခန့်က Zan United အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သဖြင့် အချိန်ပို ဆက်ကစားခဲ့ရသည်။ YRFA အသင်းအတွက် အနိုင်ဂိုးကို ၁၁၂ မိနစ်တွင် သက်ပိုင်စိုးက သွင်းယူခဲ့သည်။

Young Boy အသင်းနှင့် YRFA အသင်းတို့၏ ဗိုလ်လုပွဲကို မတ် ၂၉ ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ–MNL**



YRFA အသင်းနှင့် Zan United အသင်း ယှဉ်ပြိုင်စဉ်။

## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ
## “ပြင်ပလေထုညစ်ညမ်းမှုအကြောင်း သိကောင်းစရာ”

**ပြင်ပလေထုညစ်ညမ်းခြင်းကိုဖြစ်ပေါ်စေသည့် အခိုးအငွေ့များထွက်ရှိစေသော အဓိကအကြောင်းရင်းများ–**

- စက်ရုံအလုပ်ရုံများနှင့် အမှိုက်မီးရှို့စက်များမှထွက်ရှိလာသော အခိုးအငွေ့များ၊
- မီးစက်များ၊ အင်ဂျင်စက်များ၊ မော်တော်ယာဉ်များ မောင်းနှင်ခြင်းမှထွက်ရှိသော အခိုးအငွေ့များ၊
- ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဘဲ ကဲ့သို့သော တိရစ္ဆာန်များအစာခြေခြင်းမှ ထွက်ပေါ်လာသော မီသိန်းဓာတ်ငွေ့များ။

**ပြင်ပလေထုညစ်ညမ်းခြင်းကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးအပေါ် သက်ရောက်မှုများ–**

- လေထုညစ်ညမ်းမှုနှင့် ထိတွေ့ခြင်းကြောင့် လတ်တလောတုံ့ပြန်မှုအဖြစ် မျက်လုံး၊ နှာခေါင်းနှင့် လည်ချောင်းများ ယားယံခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကြပ်ခြင်းနှင့် အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးဝင်ခြင်းတို့ ဖြစ်ပွားစေနိုင်ပါသည်။
- လေထုညစ်ညမ်းမှုအနည်းအကျဉ်းကိုဖြစ်စေ ကာလတာရှည်ထိတွေ့မိခြင်းကြောင့် အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးဝင်ခြင်းအန္တရာယ်ကို မြင့်မားစေခြင်း၊ ပန်းနာရင်ကြပ်ရောဂါကို ပိုမိုဆိုးရွားစေခြင်း၊ နှလုံးသွေးကြောကျဉ်း ရောဂါ၊ လေဖြတ်ခြင်း၊ အဆုတ်ကင်ဆာရောဂါနှင့် အရွယ်မတိုင်ခင် သေဆုံးခြင်းကို ဖြစ်ပွားစေနိုင်ပါသည်။

**ပြင်ပလေထုညစ်ညမ်းမှုမဖြစ်အောင် ကာကွယ်ခြင်း**

- စက်ရုံ၊ အလုပ်ရုံများမှ လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်သော အခိုးအငွေ့ထွက်ရှိမှုများကို လျှော့ချခြင်း၊
- လူနေအိမ်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ဆေးရုံ၊ ဆေးခန်းများမှထွက်ရှိသော စွန့်ပစ်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်းမပြုဘဲ စနစ်တကျစီမံခန့်ခွဲစွန့်ပစ်ခြင်း၊
- ပတ်ဝန်းကျင်တွင် မီးခိုးငွေ့ကင်းစင်စေရန် သန့်ရှင်းသောလောင်စာအဖြစ် လျှပ်စစ်မီးဖို၊ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးဖိုနှင့် ဂတ်မီးဖိုများအသုံးပြုခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုခြင်း၊

* ရုပ်ကြွင်းလောင်စာဖြင့် မော်တော်ယာဉ်များ မောင်းနှင်အသုံးပြုခြင်းကို တတ်နိုင်သမျှ လျှော့ချခြင်း။

| ဝန်းကျင်လေထုအရည်အသွေးညွှန်းကိန်း(AQI) | (၀–၅၀) | (၅၁–၁၀၀) | (၁၀၁–၁၅၀) | (၁၅၁–၂၀၀) | (၂၀၁–၃၀၀) | (၃၀၁–၅၀၀) |
|---|---|---|---|---|---|---|
| | ကောင်း | သင့် | ညံ့ | ညစ်ညမ်း | ပိုမိုညစ်ညမ်း | အန္တရာယ်ရှိသည် |

**ဝန်းကျင်လေထုအရည်အသွေးညွှန်းကိန်း (AQI)တန်ဖိုး(၁၅၁–၂၀၀) အနီရောင်အဆင့်နှင့်အထက်မှစ၍ မဖြစ်မနေ နှာခေါင်းစည်း(Mask) ဝတ်ဆင်ပါ။**

၂၀၂၅ ခုနှစ်၊ မတ်လ

## နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်

နေပြည်တော် မတ် ၂၈ – နေပြည်တော်၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်၌ မတ် ၂၉ ရက်တွင် အများအားဖြင့် သာယာမည်ဖြစ်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။ **မိုး/ဇလ**

# တရားမဝင်ကုန်သွယ်မှု အစဉ်ဂရုပြု

မောင်မျိုးမင်း

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပေါ်တွင် မူတည်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်း၊ အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံများနှင့် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသောကြောင့် နယ်စပ်ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်မှုများ လုပ်ဆောင်သကဲ့သို့ အခြားပြည်ပနိုင်ငံများသို့လည်း ပင်လယ်ရေကြောင်းမှတစ်ဆင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကုန်သွယ်မှုလုပ်ငန်းများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဟန်ချက်ညီညီဖြစ်အောင် ဆောင်ရွက်ရန်မှာ လွန်စွာ အရေးပါလှသည်။ မိမိတို့နိုင်ငံ ပြည်တွင်းရှိ အငယ်စား၊ အသေးစားနှင့် အလတ်စား ကုန်ထုတ်လုပ်မှုလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက ပြည်တွင်းထုတ်ကုန်များကို ပြည်ပနိုင်ငံများသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးသည်လည်း လွန်စွာအရေးကြီးသဖြင့် နိုင်ငံတော်မှ အလေးထားတိုက်တွန်းဆောင်ရွက်လျက်ရှိပါသည်။




မတ် ၁၂ ရက်က ကရင်ပြည်နယ်၌ ဖမ်းဆီးရရှိမှု။

မြန်မာ့စီးပွားရေး ဟန်ချက်ညီညီ တိုးတက်ဖွံ့ဖြိုးရေးအတွက် ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေး အလေးထားဆောင်ရွက်ရန် လိုအပ်သကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပြီး များစွာအဟန့်အတားဖြစ်စေသည့် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ လျော့နည်းပပျောက်စေရန်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အစိုးရနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်ကြရန် အလွန်အရေးကြီးပါသည်။

**■ မြန်မာ့စီးပွားရေး ဟန်ချက်ညီညီ တိုးတက်ဖွံ့ဖြိုးရေးအတွက် ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေး အလေးထားဆောင်ရွက်ရန် လိုအပ်သကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပြီး များစွာအဟန့်အတားဖြစ်စေသည့် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ လျော့နည်းပပျောက်စေရန်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အစိုးရနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်ကြရန် အလွန်အရေးကြီး**

**■ တရားမဝင်ကုန်သွယ်မှုများကို ပိုမိုထိရောက်သော တားဆီးတိုက်ဖျက်မှုများ ဆောင်ရွက်နိုင်ရန် သတင်းပေးတိုင်ကြားသည့် တာဝန်သိပြည်သူများအား ဖမ်းဆီးရမိမှုတန်ဖိုးငွေ၏ ၂၀ ရာခိုင်နှုန်းကို ဆုကြေးငွေအဖြစ် ချီးမြှင့်လျက်ရှိ**

တရားမဝင်ကုန်သွယ်မှု လုပ်ငန်းများသည် နိုင်ငံတော်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ (SDGs) ကို အောင်မြင်မှုများရရှိစေရန် ဆောင်ရွက်ရာတွင် များစွာထိခိုက်မှုရှိခြင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအတွက် အခွန်အခများ၊ များစွာသော အလုပ်အကိုင်များ၊ ဂေဟစနစ်များနှင့် အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများ ရှိစေနိုင်ခြင်းတို့ကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပြတ်ပြတ်သားသား ထိထိရောက်ရောက် ကာကွယ်တားဆီး အရေးယူဆောင်ရွက်ရန် လိုအပ်လှပါသည်။ တရားမဝင်ကုန်သွယ်မှုများကို အမြစ်ပြတ်ချေမှုန်းနိုင်သည့်နိုင်ငံဟူ၍ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမှ ဆောင်ရွက်နိုင်ခြင်းမရှိသေးသဖြင့် ထိုတရားမဝင်ကုန်သွယ်မှုလမ်းကြောင်းများမှတစ်ဆင့် ရရှိလာသော အမြတ်ငွေများစွာအား ငွေကြေးခဝါချခြင်း၊ အခြားသော တရားမဝင်လုပ်ငန်းများတွင် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းဖြင့် နိုင်ငံတော်မှရရှိမည့် အခွန်အခများ ဆုံးရှုံးနစ်နာမှုရှိခြင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းများသို့ ကူညီထောက်ပံ့မှုများကြောင့် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးကို ခြိမ်းခြောက်လာနိုင်ခြင်းများ ဖြစ်ပေါ်လာစေနိုင်ပါသည်။

ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာနှင့် ကုန်သွယ်မှုများ ဆောင်ရွက်နိုင်ရန်အတွက် သတ်မှတ်ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ ကုန်ထုတ်လုပ်ခြင်း၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလိုခြင်းများအတွက် တရားမဝင်ကုန်သွယ်မှုများကို လိုလားမှုမရှိခြင်း၊ စားသုံးသူပြည်သူများအနေဖြင့်လည်း တရားမဝင်ကုန်သွယ်မှုများကြောင့် ပြည်တွင်းသို့ ကုန်စည်အတုအပများ ပိုမိုဝင်ရောက်လာသဖြင့် ပြည်တွင်းဈေးကွက်အပေါ် ယုံကြည်မှုလျော့နည်းလာနိုင်ခြင်းနှင့် အရည်အသွေးကောင်းမွန်ပြီး ဘေးကင်းလုံခြုံမှုရှိသော စားသုံးကုန်/ လူသုံးကုန်ပစ္စည်းများကိုသာ သုံးစွဲလိုခြင်း၊ နောက်ဆက်တွဲ ဆိုးကျိုးများအနေဖြင့် အမှန်တကယ် ရိုးရိုးသားသား ကုန်သွယ်မှုလုပ်ငန်း လုပ်ကိုင်နေသော တိုင်းရင်းသားလုပ်ငန်းရှင်များအား ထိခိုက်နစ်နာစေခြင်းနှင့် နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများကို အဂတိလိုက်စားမှုများ ဖြစ်ပေါ်လာစေနိုင်ခြင်းတို့ကြောင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးကို နိုင်ငံတစ်ဝန်းလုံး **“အမျိုးသားရေးတာဝန်တစ်ရပ်”** အဖြစ် သတ်မှတ်ပြီး တားဆီး၊ ဖမ်းဆီး၊ အရေးယူသွားရန် လိုအပ်မည်ဖြစ်ပါသည်။

တရားမဝင်ကုန်သွယ်မှုများနှင့် ပတ်သက်၍ စီးပွားရေးသမားများက ဝိသမလောဘများဖြင့် ဆောင်ရွက်နေမှုများကြောင့် မိမိတို့နိုင်ငံ၏ ယခုဘဏ္ဍာနှစ်၏ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအထိ တရားမဝင်ကုန်သွယ်မှု ဖမ်းဆီးရရှိမှုများအနေဖြင့် ဖမ်းဆီးအမှုတွဲပေါင်း ၇၈၆၁ မှု၊ ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုး ကျပ်သန်း ၂၅၁၆၅၁ ဒသမ ၆၂၂ ကို ဖမ်းဆီးရရှိခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်၍ တရားမဝင်ကုန်သွယ်မှုများကို ပိုမိုထိရောက်သော တားဆီးတိုက်ဖျက်မှုများ ဆောင်ရွက်နိုင်ရန် သတင်းပေးတိုင်ကြားသည့် တာဝန်သိပြည်သူများအား ဖမ်းဆီးရမိမှု တန်ဖိုးငွေ၏ ၂၀ ရာခိုင်နှုန်းကို ဆုကြေးငွေအဖြစ် ချီးမြှင့်လျက်ရှိပါသည်။

ထို့ကြောင့် တရားမဝင်ကုန်သွယ်မှု သတင်းများနှင့် ပတ်သက်၍ လက်ကိုင်ဖုန်း -၀၉ -၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်း - ၀၆၇ - ၄၀၉၈၈၃ နှင့် အီး-မေးလ် antiillegaltradeinfo @ gmail.com သို့ သတင်းအချက်အလက် မှန်ကန်ခိုင်မာစွာနှင့် အချိန်မီပေးပို့ကြခြင်းဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးတွင် တာဝန်သိစွာ ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီလွှာဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှု မရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ရာဂီဒဏ်သင့် အာမခံအလုပ်သမားများ၏ လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်

*ဂျူလိုင် (လူမှုဖူလုံရေး)*

“ရာဂီ” ဆိုတာ တိုင်ဖွန်းမုန်တိုင်းရဲ့ အမည်နာမဖြစ်ပြီး မြန်မာပြည်သူတွေအတွက် ၂၀၂၄ ခုနှစ်မှာ စိုးရိမ်ပူပန်မှု၊ ဝမ်းနည်းစရာ၊ စိတ်မချမ်းမြေ့စရာဖြစ်ရပ်တွေကို ယူဆောင်ပေးခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း မဖိတ်ခေါ်ဘဲ လာရောက်ခဲ့တဲ့ ရာဂီဟာ သူနဲ့အတူ သည်းထန်တဲ့ မိုးကိုပါ တစ်ပါတည်း ခေါ်ဆောင်လာခဲ့ပါတယ်။

ရာဂီကြောင့် ရေကြီးရေလျှံမှု၊ မြေပြိုမှုတွေ ဖြစ်ပေါ်ခဲ့ပြီး မြန်မာပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ ဆုံးရှုံးနစ်နာခဲ့ရပါတယ်။ ကောက်ပဲသီးနှံနဲ့ လယ်ယာမြေ၊ ကျွဲ၊ နွား တိရစ္ဆာန်တွေ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ရာဂီဟာ မြန်မာပြည်သူတွေအတွက် သည်းထန်တဲ့မိုးနဲ့အတူ မျက်ရည်မိုးကိုပါ သယ်ဆောင်ပေးခဲ့တာပဲ ဖြစ်ပါတယ်။

ရာဂီဘေးဒဏ်သင့် မြန်မာပြည်သူတွေရဲ့ မျက်ရည်မိုးဟာ မုန်တိုင်းအပြီး မိုးစဲပေမယ့် မျက်ရည်စဲဖို့ ခက်ခဲပါတယ်။ မုန်တိုင်းပြီးပါက လေပြေလာစေရပါမယ်။ မုန်တိုင်းအပြီး လေပြေလာစေဖို့ ပြန်လည်ထူထောင်ရေးကဏ္ဍက အလွန်အရေးပါလာပြီး အထူးသဖြင့် ရာဂီရဲ့ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရတဲ့ အရပ်ဒေသတွေက မြန်မာပြည်သူတို့အတွက် အမိုးအကာ၊ စားနပ်ရိက္ခာနဲ့ သောက်သုံးရေ ထောက်ပံ့မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုကာကွယ်စောင့်ရှောက်ရေးနဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ ပြန်လည်ထူထောင်နိုင်ရေးတို့ကို အရေးတကြီး လိုအပ်လာပါတယ်။

### တွန်းအားတစ်ခု

ရာဂီကြောင့် ရေဘေးဒဏ်သင့်ခဲ့ရတဲ့ မြန်မာပြည်သူတွေအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရဲ့ လမ်းညွှန်ချက်နဲ့အညီ သက်ဆိုင်ရာဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွေနဲ့အတူ မြန်မာပြည်သူအချင်းချင်း ရိုင်းပင်းကူညီမှု၊ စာနာဖေးမမှုတို့ဟာလည်း ရေဘေးသင့်ပြည်သူတွေရဲ့ မျက်ရည်မိုးစဲစေခဲ့တဲ့ ကြိုးပမ်းအားထုတ်မှုတွေ ဖြစ်ပါတယ်။ ဒီလိုကြိုးပမ်းအားထုတ်ကြရာမှာ **အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့**ကလည်း မုန်တိုင်းဒဏ်သင့် ပြည်သူတွေအတွက် နိုင်ငံတော်ရဲ့ ပြန်လည်ထူထောင်ရေးအရှေ့မှာ ရှေ့သို့ရောက်စေရေး တွန်းအားတစ်ခုအဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။




ရေဘေးကြောင့် အသက်ဆုံးရှုံးခဲ့ရသော အာမခံအလုပ်သမား၏ ကျန်ရစ်သူမိသားစုထံ အကျိုးခံစားခွင့်ပေးအပ်မှု မှတ်တမ်းဓာတ်ပုံ။

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အနေနဲ့ ၁-၁-၁၉၅၆ ရက်နေ့မှ စတင်ကာ ၁၉၅၄ ခုနှစ် လူမှုဖူလုံရေးအက်ဥပဒေအရ လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ခေတ်နဲ့ကိုက်ညီစေဖို့ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေကို ပြင်ဆင်ရေးဆွဲခဲ့ကာ ၁-၄-၂၀၁၄ ရက်နေ့မှ စတင်ကျင့်သုံးခဲ့ပြီး အာမခံစနစ် (၆)မျိုး ပြဋ္ဌာန်းထားရှိပါတယ်။ အာမခံစနစ် (၆)မျိုးက ကျန်းမာရေးနဲ့ လူမှုရေးစောင့်ရှောက်မှု ရန်ပုံငွေအောက်က **“ကျန်းမာရေးနဲ့ လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်”** နဲ့ မိသားစုထောက်ပံ့မှု ရန်ပုံငွေအောက်က **“မိသားစုထောက်ပံ့မှုအာမခံစနစ်”**၊ အလုပ်မှာ ထိခိုက်မှု အကျိုးခံစားခွင့်ရန်ပုံငွေအောက်က **“အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်”** တို့နဲ့ အာမခံအလုပ်သမားများအပေါ် ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ငွေကြေးအကျိုးခံစားခွင့်ပေးခြင်း ဝန်ဆောင်မှုတွေကို ထောက်ပံ့ပေးအပ်လျက်ရှိပါတယ်။

ကျန်းမာရေးနဲ့ လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်ပါ အကျိုးခံစားခွင့်တွေအတွက် ကျန်းမာရေးနဲ့ လူမှုရေးစောင့်ရှောက်မှုရန်ပုံငွေကို အလုပ်သမားရဲ့ တစ်လလုပ်ခအပေါ်မှာ **အလုပ်ရှင်ထံက ၂ ရာခိုင်နှုန်းနဲ့ အလုပ်သမားထံက ၂ ရာခိုင်နှုန်း လစဉ်ထည့်ဝင်ကြေးတွေနဲ့** ထူထောင်ထားရှိခြင်းဖြစ်ပါတယ်။ ယင်းရန်ပုံငွေမှပင် မိသားစုထောက်ပံ့မှုရန်ပုံငွေကို ပံ့ပိုးပေးခြင်းဖြစ်လို့ မိသားစုထောက်ပံ့မှုအာမခံစနစ်အရ အာမခံအလုပ်သမားတွေအတွက် လူမှုဖူလုံရေး ထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်တွေ ပေးအပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

အလုပ်မှာ ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်ပါ အကျိုးခံစားခွင့်များအတွက်မူ အလုပ်မှာ ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေကို အလုပ်သမားရဲ့ တစ်လလုပ်ခအပေါ်မှာ **အလုပ်ရှင်က ၁ ရာခိုင်နှုန်း ထည့်ဝင်တဲ့ လစဉ်ထည့်ဝင်ကြေး**နဲ့ ထူထောင်ထားရှိခြင်းဖြစ်ပါတယ်။ ဒါကြောင့် အာမခံစနစ် သုံးမျိုးအတွက် အလုပ်သမားတစ်ဦးတစ်လ လုပ်ခအပေါ်မူတည်ပြီး ထည့်ဝင်ကြေးငွေကို အလုပ်ရှင်မှ ၃ ရာခိုင်နှုန်းနဲ့ အလုပ်သမားမှ ၂ ရာခိုင်နှုန်း၊ စုစုပေါင်း ၅ ရာခိုင်နှုန်းကို လစဉ်ပေးသွင်းရမှာဖြစ်ပါတယ်။

### ပိုမိုကောင်းမွန်တဲ့ လူမှုဖူလုံရေး

လူမှုဖူလုံရေးအဖွဲ့အနေနဲ့ အာမခံအလုပ်သမားများထံ ပိုမိုကောင်းမွန်တဲ့ လူမှုဖူလုံရေးဝန်ဆောင်မှုများကို ပေးစွမ်းနိုင်ဖို့ အရှိန်အဟုန်နဲ့ ကြိုးပမ်းလျက်ရှိပါတယ်။ ယခုလို ထိခိုက်နစ်နာဆုံးရှုံးမှုများစေတဲ့ သဘာဝဘေးအန္တရာယ် ကျရောက်လာချိန်မှာလည်း အာမခံအလုပ်သမားတွေ ရဲ့လူမှုစီးပွားဘဝ လုံခြုံရေးရှေးရှုလျက် ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံနဲ့ ဆေးခန်းတွေမှာ ဆေးကုသမှုခံယူနိုင်ရေး စီစဉ်ထားတာသာမက လူမှုဖူလုံရေးအဖွဲ့ရှိ ဆရာဝန်၊ သူနာပြုများပါဝင်တဲ့ ဆေးကုသရေးအဖွဲ့က ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit-MMU) နဲ့ ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဇေယျာသီရိမြို့နယ် ချောင်းကမ်းကြီးကျေးရွာကို လေးကြိမ်တိုင် သွားရောက်ပြီး ရေဘေးဒဏ်သင့်ပြည်သူတွေနဲ့ အာမခံအလုပ်သမားတွေနဲ့ ကွင်းဆင်းဆေးကုသမှုတွေ ဆောင်ရွက်ပေးခဲ့ရာ သံဃာတော် ၁၆ ပါး၊ အမျိုးသား ၁၃၉ ဦးနဲ့ အမျိုးသမီး ၂၀၈ ဦး စုစုပေါင်း ၃၆၃ ဦးကို ဆေးကုသပေးနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် လူမှုဖူလုံရေးအဖွဲ့နဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်နေတဲ့ ဆေးဝါးကုမ္ပဏီတစ်ခုဖြစ်တဲ့ Valves Private Limited နဲ့ ချိတ်ဆက်ပြီး ဖိနပ်အရန် ၁၁၀၀ နဲ့ ဆေးဝါးတွေကို ကူညီထောက်ပံ့ပေးခဲ့ပါတယ်။

### အကျိုးခံစားခွင့်ထုတ်ပေးမှု

ဥပဒေနဲ့အညီ ငွေကြေးအကျိုးခံစားခွင့်တွေ ခွင့်ပြုထုတ်ပေးမှုအနေနဲ့ ရေကြီးရေလျှံမှုကြောင့် လုပ်ငန်းခွင်က အပြန်လမ်းခရီးမှာ အသက်ဆုံးရှုံးခဲ့ရသူ အာမခံအလုပ်သမား နှစ်ဦးအတွက်ရသင့်ရထိုက်တဲ့ အကျိုးခံစားခွင့်ကို ကျန်ရစ်သူမိသားစုလက်ဝယ်ထံ လျင်လျင်မြန်မြန်ရရှိနိုင်ဖို့ ဝန်ဆောင်မှုပေးခဲ့တဲ့ ဖြစ်စဉ်နှစ်ခုကို တင်ပြလိုပါတယ်။

ပထမဖြစ်စဉ်အနေနဲ့ ပျဉ်းမနားမြို့နယ် လူမှုဖူလုံရေးရုံးမှာ အကျုံးဝင် မှတ်ပုံတင်ထားတဲ့ နေပြည်တော် ဘောဂသီရိ-ရောဝတီဘဏ်ခွဲက သန့်ရှင်းရေးဝန်ထမ်းဖြစ်သူ အာမခံအလုပ်သမား ဒေါ်မိုးမိုး (အမည်လွှဲ)က ၁၁-၉-၂၀၂၄ ရက်နေ့ ညနေ ၃ နာရီခန့် တာဝန်ပြီးဆုံးချိန် ချောင်းစောက်ကျေးရွာရှိ ၎င်းရဲ့နေအိမ်မှာ ရေတွေ ဝင်ရောက်နေကြောင်း သိရှိရတဲ့အတွက် ဘဏ်ခွဲတာဝန်ခံရဲ့ ခွင့်ပြုချက်နဲ့နေအိမ်ကို ဆိုင်ကယ်နဲ့ပြန်ခဲ့ရာ အပြန်လမ်းခရီးလမ်းမှာပဲ အရှိန်နဲ့စီးဆင်းလာတဲ့ ရေစီးနဲ့အတူမျောပါပြီး အသက်ဆုံးရှုံးခဲ့ရပါတယ်။ အဲဒီဖြစ်စဉ်အတွက် လူမှုဖူလုံရေးအဖွဲ့က ကျန်ရစ်သူမိသားစုထံ ၁၅-၉-၂၀၂၄ ရက်နေ့မှာ နာရေးစရိတ် ငွေကျပ် ၁၅၀၀၀၀ နဲ့ ၂၀-၁၀-၂၀၂၄ ရက်နေ့မှာ အလုပ်မှာ ထိခိုက်မှုကြောင့် သေဆုံးရခြင်းအဖြစ် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၁၅၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၆၅၀၀၀၀ ကို ထုတ်ပေးခဲ့ပါတယ်။

ဒုတိယဖြစ်စဉ်အနေနဲ့ ကျောက်ဆည်မြို့နယ် လူမှုဖူလုံရေးရုံးမှာ အကျုံးဝင်မှတ်ပုံတင်ထားတဲ့ ဆင်မင်းဘိလပ်မြေစက်ရုံက အာမခံအလုပ်သမား ဦးမောင်မောင်(အမည်လွှဲ)က ၁-၁၀-၂၀၂၄ ရက်နေ့မှာ လုပ်ငန်းခွင်ကနေ နေအိမ်အပြန်လမ်းခရီးမှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေစီးသန်တဲ့ တောင်လှချောင်းကို ကားနဲ့ဖြတ်ကူးစဉ် ရေစီးနဲ့အတူ မျောပါပြီး သေဆုံးခဲ့ရပါတယ်။ အာမခံအလုပ်သမားရဲ့ ကျန်ရစ်သူမိသားစုထံ လူမှုဖူလုံရေးအဖွဲ့က ၄-၁၀-၂၀၂၄ ရက်နေ့မှာ နာရေးစရိတ် ငွေကျပ် ၁၅၀၀၀၀ နဲ့ ၁၉-၁၁-၂၀၂၄ ရက်နေ့မှာ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးရခြင်းအဖြစ် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၁၈၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၉၅၀၀၀၀ ကို ထုတ်ပေးခဲ့ပါတယ်။

ဒ့ါအပြင် လူမှုဖူလုံရေးအဖွဲ့အနေနဲ့ အာမခံအလုပ်သမားတွေရဲ့ လူမှုဒုက္ခတွေ လျော့ပါးစေဖို့ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနဲ့အညီ ကူညီထောက်ပံ့နိုင်ရေး ဦးစားပေးလုပ်ဆောင်ရာမှာ မုန်တိုင်းဒဏ်သင့်ဒေသတွေဖြစ်တဲ့ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့ရှိ မြို့နယ်လူမှုဖူလုံရေးရုံးတွေမှာ အကျုံးဝင်မှတ်ပုံတင်ထားတဲ့ အလုပ်ဌာနတွေက အာမခံအလုပ်သမားတွေနဲ့

*စာမျက်နှာ ၁၁ သို့*

❖ **ရာဂီမုန်တိုင်းဒဏ်သင့် အာမခံအလုပ်သမားတွေအနေနဲ့ လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်ရရှိစေရေးဥပဒေပါ သတ်မှတ်ချက်တွေအရ သဘာဝဘေးအန္တရာယ် မတွေ့ကြုံမီ လူမှုဖူလုံရေးအဖွဲ့မှာ မှတ်ပုံတင်သက်တမ်းကာလ (၄၈)လအတွင်း ထည့်ဝင်ကြေးအနည်းဆုံး (၃၆)လ ပေးသွင်းပြီးဖြစ်ရပါမယ်။ သတ်မှတ်ချက်တွေနဲ့ ပြည့်စုံရင် ရေဘေးမသင့်မီ လွန်ခဲ့တဲ့ တစ်နှစ်အတွင်းရရှိတဲ့ ပျမ်းမျှလုပ်ခ တစ်လစာရဲ့ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်အဖြစ် ရရှိခံစားနိုင်**

❖ **လက်ရှိအချိန်မှာတော့ လူမှုဖူလုံရေးအဖွဲ့အနေနဲ့ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့တဲ့အလုပ်ဌာန စုစုပေါင်း ၃၇၆ ခုရှိ ရေဘေးသင့်အာမခံအလုပ်သမား ၃၃၉၄ ဦးအတွက် ကျပ်သန်းပေါင်း ၂၆၆ ဒသမ ၂၉၇ သန်းကို ပထမအကြိမ် လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်အဖြစ် ခွင့်ပြုထုတ်ပေးလျက်ရှိ**

*စာမျက်နှာ ၁၀ မှ*

မိသားစုဝင်တွေကို **မိသားစုထောက်ပံ့မှုအာမခံစနစ်** အောက်က ငွေကြေးထောက်ပံ့ကူညီမှုများ ခံစားခွင့် ရရှိနိုင်ဖို့ စွမ်းစွမ်းတမံ အားထုတ်ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အနေနဲ့ မုန်တိုင်းဒဏ်သင့် အာမခံအလုပ်သမားတွေကို ငွေကြေးထောက်ပံ့ကူညီဖို့ ဆောင်ရွက်ခွင့်ပြုလိုက်ပါတယ်။

**မိသားစုထောက်ပံ့မှုအာမခံစနစ်**

ဒီနေရာမှာ မိသားစုထောက်ပံ့မှုအာမခံစနစ်အရ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရတဲ့အခါ ခံစားခွင့်ရှိတဲ့ ငွေကြေးထောက်ပံ့ကူညီမှုအကြောင်း အနည်းငယ်ရှင်းပြလိုပါတယ်။ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်များပေးရာမှာ အလုပ်ရှင်နဲ့ အလုပ်သမားတွေထံက ထည့်ဝင်ကြေးမကောက်ခံဘဲ ကျန်းမာရေးနဲ့ လူမှုရေးစောင့်ရှောက်မှုရန်ပုံငွေကနေ မိသားစုထောက်ပံ့မှုရန်ပုံငွေကို ပံ့ပိုးပေးခြင်းဖြစ်ကြောင်း ရှေ့မှာတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ၊ နည်းဥပဒေတွေအရ သဘာဝဘေးအန္တရာယ်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ သဘာဝအလျောက်ဖြစ်စေ၊ လူတို့၏ ပြုမူဆောင်ရွက်မှု၊ မတော်တဆမှု သို့မဟုတ် ပေါ့ဆမှုကြောင့်ဖြစ်စေ ဖြစ်ပေါ်တတ်သော မီးဘေး၊ ရေဘေး၊ လေဘေး၊ လျင်ဘေး စသည့်ဘေးဒုက္ခတို့ကို ဆိုလိုကြောင်း၊ သဘာဝဘေးအန္တရာယ်တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက သဘာဝဘေးအန္တရာယ်လို့ သတ်မှတ်တဲ့ အခြားဘေးအန္တရာယ်တစ်ခုခုလည်း ပါဝင်ကြောင်း ဖော်ပြထားပါတယ်။

လူမှုဖူလုံရေးအဖွဲ့အနေနဲ့ အာမခံအလုပ်သမားတွေ သဘာဝဘေးခံစားရတာအတွက် ကူညီထောက်ပံ့မှုအစီအစဉ်ဖော်ဆောင်ရာမှာ ဘဏ္ဍာရန်ပုံငွေရေရှည်တည်တံ့ရေးနဲ့ ငွေကြေးအကျိုးခံစားခွင့်တွေ ထိထိရောက်ရောက် ပေးအပ်နိုင်ရေးတို့ကို အခြေခံကာ ထည့်သွင်းစဉ်းစားရပါတယ်။ ဒါကြောင့် မိသားစုထောက်ပံ့မှုအာမခံစနစ်အရ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရချိန် လူမှုဖူလုံရေး ထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်များပေးရာမှာ ဘေးဒဏ်ခံရတဲ့ဒေသ ကျယ်ပြန့်မှု၊ ဘေးအန္တရာယ်ရဲ့ ပြင်းအား၊ ထိခိုက်နစ်နာဆုံးရှုံးမှုများတာနဲ့ ဒေသခံတို့ရဲ့ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုများတာစတဲ့ အချက်တွေကို မူတည်ပြီး ကူညီထောက်ပံ့ရတာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေကို စတင်ကျင့်သုံးပြီးနောက် စီးပွားရေး၊ လူမှုရေးထိခိုက်နစ်နာဆုံးရှုံးမှုတွေရခဲ့တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားခဲ့တဲ့ကာလတွေမှာ အာမခံအလုပ်သမားတွေဆီ

> **“ လူမှုဖူလုံရေးအဖွဲ့ အနေနဲ့ အာမခံ အလုပ်သမားတွေ သဘာဝဘေးခံစားရတာအတွက် ကူညီထောက်ပံ့မှု အစီအစဉ် ဖော်ဆောင်ရာမှာ ဘဏ္ဍာရန်ပုံငွေ ရေရှည်တည်တံ့ရေးနဲ့ ငွေကြေး အကျိုးခံစားခွင့်တွေ ထိထိ ရောက်ရောက် ပေးအပ်နိုင်ရေး တို့ကို အခြေခံကာ ထည့်သွင်း စဉ်းစားရ ”**




ရာဂီမုန်တိုင်းကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ် ဧရာဝတီမြစ်ကမ်းအနီးရှိ နေအိမ်များမှ ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီရွှေ့ပြောင်းပေးစဉ်။ (၁၂-၉-၂၀၂၄ ရက်)

မိသားစုထောက်ပံ့မှုအာမခံစနစ် အကျိုးခံစားခွင့်တွေ ပေးအပ်ခဲ့ပါတယ်။

အလျဉ်းသင့်လို့ လူမှုဖူလုံရေးအဖွဲ့ရဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားခဲ့တဲ့ကာလတွေမှာ အာမခံအလုပ်သမားတွေထံ ကူညီထောက်ပံ့ပေးခဲ့မှုတွေကို ဖော်ပြသွားလိုပါတယ်။ ပထမအကြိမ်အနေနဲ့ အာမခံအလုပ်သမား ၈၅၇၇၆၈ ဦးကို လူမှုဖူလုံရေးထောက်ပံ့ငွေကျပ် ၂၁၆၂၇ ဒသမ ၆၃၉ သန်း၊ ဒုတိယအကြိမ်အနေနဲ့ အာမခံအလုပ်သမား ၇၇၈၈၉၆ ဦးကို လူမှုဖူလုံရေးထောက်ပံ့ ငွေကျပ်သန်း ၄၉၃၉၂ ဒသမ ၉၇၀၊ ကျန်းမာရေးနဲ့ လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်အောက်မှ Quarantine ဝင်ရောက်တဲ့ အာမခံအလုပ်သမား ၆၂၅၂ ဦးကို မကျန်းမာမှုအကျိုးခံစားခွင့် ငွေကျပ် ၃၇၁ ဒသမ ၄၀၉ သန်းနဲ့ ကိုယ်ဝန်ဆောင်အာမခံ အမျိုးသမီးအလုပ်သမား ၄၀၂၈ ဦးကို မကျန်းမာမှုအကျိုးခံစားခွင့် ငွေကျပ် ၅၈၅ ဒသမ ၄၇၂ သန်း စုစုပေါင်း အကျိုးခံစားခွင့် ငွေကျပ်သန်းပေါင်း ၇၁၉၇၇ ဒသမ ၄၉၀ ကို ကူညီထောက်ပံ့နိုင်ခဲ့ပါတယ်။

**အကျိုးခံစားခွင့်ရရှိစေရေး သတ်မှတ်ချက်**

ယခုရာဂီမုန်တိုင်းဒဏ်သင့် အာမခံအလုပ်သမားတွေအနေနဲ့ လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်ရရှိစေရေး ဥပဒေပါ သတ်မှတ်ချက်တွေအရ သဘာဝဘေးအန္တရာယ် မတွေ့ကြုံမီ လူမှုဖူလုံရေးအဖွဲ့မှာ မှတ်ပုံတင်သက်တမ်းကာလ (၄၈)လအတွင်း ထည့်ဝင်ကြေးအနည်းဆုံး (၃၆)လ ပေးသွင်းပြီးဖြစ်ရပါမယ်။ သတ်မှတ်ချက်တွေနဲ့ ပြည့်စုံရင် ရေဘေးမသင့်မီ လွန်ခဲ့တဲ့ တစ်နှစ်အတွင်းရရှိတဲ့ ပျမ်းမျှလုပ်ခတစ်လစာရဲ့ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုး ခံစားခွင့်အဖြစ် ရရှိခံစားနိုင်မှာဖြစ်ပါတယ်။ ရေဘေးဒဏ်သင့်တိုင်းဒေသကြီး/ပြည်နယ်တွေက စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတွေရဲ့ အလုပ်ရှင်တွေအနေနဲ့ မိမိတို့ အလုပ်ဌာနရှိ အာမခံအလုပ်သမားတွေအတွက် **၅-၁၂-၂၀၂၄ ရက်နေ့မှစလို့ သုံးလအတွင်း သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးတွေမှာ** လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်ကို လျှောက်ထားရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

လက်ရှိအချိန်မှာတော့ လူမှုဖူလုံရေးအဖွဲ့အနေနဲ့ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့တဲ့ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) မှ အလုပ်ဌာန ၁၄၈ ဌာနရှိ အာမခံအလုပ်သမား ၉၇၁ ဦးအတွက် ငွေကျပ် ၇၁ ဒသမ ၃၆၉ သန်း၊ မန္တလေးတိုင်းဒေသကြီးမှ အလုပ်ဌာန ၉၅ ခုရှိ အာမခံအလုပ်သမား ၁၁၉၇ ဦးအတွက် ငွေကျပ် ၉၇ ဒသမ ၁၁၄ သန်း၊ ရှမ်းပြည်နယ်မှ အလုပ်ဌာန ၄၀ ရှိ အာမခံအလုပ်သမား ၂၃၁ ဦးအတွက် ငွေကျပ် ၂၀ ဒသမ ၆၇၈ သန်း၊ ကရင်ပြည်နယ်မှ အလုပ်ဌာန ၃၇ ခုရှိ အာမခံအလုပ်သမား ၄၇၆ ဦးအတွက် ငွေကျပ် ၃၈ ဒသမ ၀၀၇ သန်းနဲ့ ပဲခူးတိုင်းဒေသကြီးမှ အလုပ်ဌာန ၅၆ ခုရှိ အာမခံအလုပ်သမား ၅၁၉ ဦးအတွက် ငွေကျပ် ၃၉ ဒသမ ၁၂၉ သန်း၊ အလုပ်ဌာန စုစုပေါင်း ၃၇၆ ခုရှိ ရေဘေးသင့်အာမခံအလုပ်သမား ၃၃၉၄ ဦးအတွက် ကျပ်သန်းပေါင်း ၂၆၆ ဒသမ ၂၉၇ သန်းကို ပထမအကြိမ် လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်အဖြစ် ခွင့်ပြုထုတ်ပေးလျက်ရှိပါတယ်။



ရေဘေးသက်ရောက်ခဲ့သော ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဇေယျာသီရိမြို့နယ် ချောင်းကမ်းကြီးကျေးရွာတွင် လူမှုဖူလုံရေးအဖွဲ့မှ ဆေးကုသဆောင်ရွက်ပေးနေမှု မှတ်တမ်းဓာတ်ပုံ။

**ငွေကြေးဆုံးရှုံးမှုဖြစ်စဉ်များရှိ**

သတိပြုရန်မှာ လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်တွေနဲ့ စပ်လျဉ်းပြီးတော့ မသမာသူတွေက လူမှုဖူလုံရေးအဖွဲ့ရဲ့အမည်ခံကာ Social Media က လည်းကောင်း၊ ဖုန်းနဲ့လည်းကောင်း ငွေကြေးလိမ်လည်မှုတွေနဲ့ မသမာသူသို့ ငွေကြေးလွှဲပို့ခဲ့ရာက ငွေကြေးဆုံးရှုံးမှုဖြစ်စဉ်များရှိကြောင်း ကြားသိရပါတယ်။ ဒါကြောင့် လူမှုဖူလုံရေးဥပဒေနဲ့အညီ ရရှိခံစားခွင့်ရှိတဲ့ ငွေကြေးအကျိုးခံစားခွင့်တွေ လျှောက်ထားရာမှာ သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးတွေမှာသာ တိုက်ရိုက်ဆက်သွယ်လျှောက်ထားရမှာဖြစ်ပါတယ်။ ယခုရာဂီမုန်တိုင်း သဘာဝဘေးအတွက် ပေးအပ်တဲ့ လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်ရရှိသူ အမည်စာရင်းကို နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာတွေ၊ အလုပ်သမားဝန်ကြီးဌာနရဲ့ Website-www.mol.gov.mm၊ လူမှုဖူလုံရေးအဖွဲ့ရဲ့ Website - www.ssb.gov.mm နဲ့ သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးတွေမှာ ဖော်ပြသွားမှာဖြစ်ပါတယ်။

နိဂုံးချုပ်တင်ပြလိုတာက မြန်မာပြည်သူတွေအတွက် “ရာဂီ” မုန်တိုင်းအပြီး လေပြေအေးကာ မျက်ရည်စဲစေဖို့အတွက် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ကလည်း နိုင်ငံတော်ရဲ့ ပြန်လည်ထူထောင်ရေးအခန်းကဏ္ဍမှာ နိုင်တဲ့ဝန်ကို ထမ်းပိုးလို့ တစ်ထောင့်တစ်နေရာကနေ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုပါတယ်။

ဒါ့အပြင်ရာဂီဘေးဒဏ်သင့်အာမခံအလုပ်သမားတွေရဲ့ လူမှုစီးပွားအကျိုးငှာ လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်တွေ ပေးအပ်မယ့် အကြောင်းအရာနဲ့ အချက်အလက်တွေကို ထပ်ဆင့်ဝေမျှပေးစေလိုပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါတယ်။ ။

## အစိုးရဓမ္မာစရိယ စာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲများ ခေတ္တရွှေ့ဆိုင်း

နေပြည်တော် မတ် ၂၈

မန္တလေးမြို့ အရှေ့မြောက်ဘက် ၂၀ ကီလိုမီတာ ခန့်အကွာ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အား ရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့် အင်အားအလွန်ပြင်းထန်သော မြေငလျင် တစ်ခု မတ် ၂၈ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၂ မိနစ်အချိန်တွင် လှုပ်ရှားသွားခဲ့ပါသည်။

အင်အားပြင်းထန်သော မြေငလျင်လှုပ်ရှားမှုကြောင့် မြန်မာနိုင်ငံတစ်ဝန်း စေတီဘုရားပုထိုးများ၊ အဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရ၍ နိုင်ငံတော်အစိုးရက အရေးပေါ်အခြေအနေကြေညာခဲ့ရပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်း ကျင်းပလျက်ရှိသည့် အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲများ ကျင်းပလျက်ရှိခြင်းကို နောက်တစ်ကြိမ် ပြန်လည်ကျင်းပရန် မကြေညာမချင်း ခေတ္တဆိုင်းငံ့ထားကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက သတင်းထုတ်ပြန်ထားပါသည်။

သတင်းစဉ်

## အစိုးရဓမ္မာစရိယစာမေးပွဲ စတုတ္ထနေ့ကျင်းပ

နေပြည်တော် မတ် ၂၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို ၂၈-၃-၂၀၂၅ ရက် (စတုတ္ထနေ့) နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၁၄၈၅ ပါး/ဦး အနက် ၆၅၅၂ ပါး/ဦး ဖြေဆိုကြသဖြင့် ၅၇ ဒသမ ၁၄ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရှိရသည်။

သတင်းစဉ်

## ငလျင်လှုပ်ပြီးနောက် ရေလှောင်တမံများ၏အခြေအနေ သတင်းထုတ်ပြန်ချက်

နေပြည်တော် မတ် ၂၈

**၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် ငလျင်လှုပ်ခတ်မှု ဖြစ်ပေါ်ပြီးနောက် ရေလှောင်တမံများ၏ အခြေအနေနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားပါသည်-**

ငလျင်လှုပ်ခတ်မှုဖြစ်ပေါ်ခဲ့ပြီးနောက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ရေလှောင်တမံများ၏ ထိခိုက်ခဲ့မှုနှင့် ဘေးကင်းလုံခြုံမှု အခြေအနေများကို သက်ဆိုင်ရာတာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်းစစ်ဆေးခဲ့ကြရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်းထားသည့် ရေလှောင်တမံ(၁၂)ခုအား ကနဦးစစ်ဆေးချက်များအရ တမံများအားလုံး၏ ကြံ့ခိုင်မှုကို မထိခိုက်ခဲ့ကြောင်းနှင့် မြေသားတမံအပေါ်ယံ အနည်းငယ်ထိခိုက်မှု ရှိခဲ့သော်လည်း ဘေးအန္တရာယ်ဖြစ်ပေါ်နိုင်သည့်အခြေအနေလုံးဝမရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တမံကြံ့ခိုင်မှုစစ်ဆေးရေးအဖွဲ့ပညာရှင်များက အတည်ပြုနိုင်ခဲ့ကြကြောင်း၊ တမံများ အောက်ဘက်ရှိ ရေလွှဲဆည်(၁၂) ခုအနက် အကျယ် ပေ ၉၃၀၊ အနက် ပေ ၂၀ ရှိ ဆင်သေရေလွှဲဆည်တစ်ခုသာ ပေ ၁၅၀ ခန့် ထိခိုက်ပျက်စီးခဲ့ကြောင်း၊ ဆက်လက်၍လည်း အသေးစိတ်တိုင်းတာ တွက်ချက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ တိုင်းဒေသကြီး ပြည်နယ်အသီးသီးရှိ အဓိက ဆည်တမံများအားလုံးတွင်လည်း သက်ဆိုင်ရာ ဆည်မြောင်းပညာရှင် အင်ဂျင်နီယာများက ကွင်းဆင်းစစ်ဆေးလျက်ရှိပြီး စစ်ဆေးချက်အရ ထိခိုက်မှုမရှိကြောင်းနှင့် အသေးစိတ်ထပ်မံစစ်ဆေးလျက်ရှိကြောင်း၊ ထူးခြားမှုအား အချိန်နှင့်တစ်ပြေးညီ သတင်းများ ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်၍ ပြည်သူများအနေဖြင့် စိုးရိမ်ကြောင့်ကြရန် မလိုအပ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ၂၈-၃-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၆၁၀၀၀၀ ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

❊ *ကျောဖုံးမှ*

နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့ရှိ ငလျင်ဒဏ်သင့်သည့်နေရာများကို အရေးပေါ်အခြေအနေအဖြစ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ကြေညာလိုက်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါဒေသများ၌ ပျက်စီးဆုံးရှုံးမှုများအား အလျင်အမြန်စုံစမ်းစစ်ဆေးခြင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများအား ဆောလျင်စွာဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ လိုအပ်သည့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရရှိစေရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

အချိန်မီရရှိလာသောသတင်းများအား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီက အချိန်နှင့်တစ်ပြေးညီ ထပ်မံထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ ပြည်သူလူထုအနေဖြင့် ဖြစ်ပေါ်လာနိုင်သည့် ကောလာဟလများအပေါ် သတိထားဆင်ခြင်နိုင်ပါရန်နှင့် သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ပါရန် တိုက်တွန်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❏ *ကျောဖုံးမှ*

အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၀၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၂၃ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အား ရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

### နောက်ဆက်တွဲမြေငလျင်

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့၊ မြန်မာစံတော်ချိန် ၁၂ နာရီ၊ ၅၁ မိနစ်၊ ၀၂ စက္ကန့်အချိန်တွင် အင်အားရစ်(ခ်)တာစကေး ၇ ဒသမ ၇ ဖြင့် လှုပ်ရှားခဲ့သော မြေငလျင်၏ နောက်ဆက်တွဲမြေငလျင်များအား မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အောက်ပါအတိုင်း တိုင်းတာရရှိသည်-

| နေ့ | အချိန် (M.S.T) | ရစ်(ခ်) တာစကေး | အနက်(km) |
|---|---|---|---|
| ၂၈.၃.၂၀၂၅ | ၁၂:၅၁:၀၂ | ၇.၇ | ၁၀ |
| ၂၈.၃.၂၀၂၅ | ၁၃:၀၂:၀၉ | ၇.၅ | ၁၀ |
| ၂၈.၃.၂၀၂၅ | ၁၃:၁၆:၀၈ | ၅.၉ | ၁၀ |
| ၂၈.၃.၂၀၂၅ | ၁၃:၅၈:၀၈ | ၄.၇ | ၁၀ |
| ၂၈.၃.၂၀၂၅ | ၁၄:၂၆:၅၉ | ၄.၉ | ၁၀ |

မိုး/ဇလ

# တိုင်းစစ်ဌာနချုပ်အသီးသီး၌ နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားများ ကျင်းပပြုလုပ်




**နေပြည်တော် မတ် ၂၈**

နှစ် (၈၀) ပြည့် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားများကို မတ် ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ အသီးသီးကျင်းပပြုလုပ်ကြသည်။

အဆိုပါစစ်ရေးပြအခမ်းအနားသို့သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့်တာဝန်ရှိသူများက တက်ရောက်မိန့်ခွန်းပြောကြားကာ စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် နှစ် (၈၀) ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ၊ သင်တန်းများတွင် ဆုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြသူများနှင့် အဆင့်တိုးမြှင့်ခြင်း ခံရသည့် စစ်သည်များအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆင့်တံဆိပ်များ၊ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တပ်မတော်နေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပပြုလုပ်ပြီး ဆုရရှိသူများအား တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။ ညပိုင်းတွင် နှစ် (၈၀) ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာ စားပွဲများကို တိုင်းစစ်ဌာနချုပ်များ အလိုက် အသီးသီးပြုလုပ်ခဲ့ကြသည်။

အလားတူ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/ တပ်ဖွဲ့များတွင်လည်း နှစ် (၈၀) ပြည့် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားများ ကျင်းပပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၁၄၄ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၃၉ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်း

**နေပြည်တော် မတ် ၂၈**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး အဆိုပါ လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံ အချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ – မယ်ထော်သလေး နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၁၄၄ ဦးကို ယနေ့တွင် မြန်မာ–ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၃၉ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည့် စာရင်းဇယား အချက်အလက်များ၊ အထောက်အထားများ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့ ကျောက်ခတ်နယ်မြေသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၃၉ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၇၀၉ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၃၀၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၄၀၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများအား အမျိုးသားရေးအသွင်ဖြင့် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေး အသိပညာပေးဟောပြော

**ပုသိမ် မတ် ၂၈**

ပုသိမ်ခရိုင်အတွင်း မီးခိုးမြူငွေ့ ညစ်ညမ်းမှု ထိန်းချုပ်ရေး အသိပညာပေးဟောပြောပွဲကို ငပုတောမြို့နယ် သက်ကယ်သောင်ကျေးရွာရှိ ခါတော်မှီ ဘုရားကြီးကျောင်း၌ မတ် ၂၅ ရက်က ကျင်းပသည်။



ကွင်းဆင်း စစ်ဆေးရေးအဖွဲ့သည် ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ် လေးမြို့နယ်အနက် ဖေဖော်ဝါရီလနှင့် မတ်လတွင် Fire Hotspot ဖြစ်ပေါ်မှု အရေအတွက် အများဆုံးတွေ့ရှိရသည့် ငပုတောမြို့နယ် သက်ကယ်သောင်ကျေးရွာသို့ ကွင်းဆင်း၍ ပုသိမ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန္တာဦးက မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးအားလုံးပူးပေါင်းပါဝင်ပေး ခေါင်းစဉ်ဖြင့် ကျေးရွာနေပြည်သူ ၁၁၀ ခန့်ကို အသိပညာပေးဟောပြောကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# တပ်ကုန်းမြို့နယ်၌ လေပြင်းလှုပ်မှုကြောင့် နေအိမ်များ ထိခိုက်ပျက်စီးမှုနှင့် လူသေဆုံးမှုဖြစ်ပွား

**နေပြည်တော် မတ် ၂၈**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း မွန်းလွဲ ၁၂နာရီ ၅၁ မိနစ်ခန့်တွင် မြေငလျင်လှုပ်မှုကြောင့် နေအိမ် နံရံများ ပြိုကျခြင်း၊ ခြံစည်းရိုးများ ပျက်စီးခြင်း၊ လူထိခိုက်ဒဏ်ရာရခြင်းနှင့် သေဆုံးမှုများ ဖြစ်ပွားခဲ့သည်။



အဆိုပါ မြေငလျင်လှုပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူ ကြီးကြပ်ပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ကယ်ဆယ်ကူညီရေး ဆောင်ရွက်ခဲ့ရာ လူနေအိမ်များ၊ ခြံစည်းရိုးများ ပျက်စီးခဲ့ပြီး ထိခိုက်ဒဏ်ရာရလူနာ ၇၀၊ အမျိုးသား အမျိုးသမီး သေဆုံးသူ စုစုပေါင်း ၁၆ ဦးရှိခဲ့ပြီး ကယ်ဆယ်ကူညီရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**တင်စိုးလွင်**

## သြစတြေးလျနိုင်ငံ အထွေထွေရွေးကောက်ပွဲကို မေ ၃ ရက်တွင် ကျင်းပမည်ဟု ဝန်ကြီးချုပ် အယ်လ်ဘာနီးစ် ပြောကြား

ကင်ဘာရာ မတ် ၂၈



အန်တိုနီ အယ်လ်ဘာနီးစ်က မေ သြစတြေးလျ ဝန်ကြီးချုပ် ၃ ရက်တွင် အထွေထွေ ရွေးကောက်ပွဲ ကျင်းပရန် ပြောကြားသည်။ ဝန်ကြီးချုပ် အယ်လ်ဘာနီးစ်က မတ် ၂၈ ရက်တွင် မြို့တော်ကင်ဘာရာ၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အဆိုပါ ကြေညာချက်ကို ထုတ်ပြန်သည်။

လက်ရှိအာဏာရ လက်ဝဲယိမ်း အလုပ်သမားပါတီသည် ၂၀၂၂ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် ပထမဆုံး အကြိမ် ပြန်လည်အာဏာရလာခဲ့သည်။

သို့သော်လည်း သြစတြေးလျနိုင်ငံသားများအနေဖြင့် ငွေကြေးဖောင်းပွမှုနှင့် အိမ်ဈေးနှုန်းများ မြင့်တက်လာမှုအပေါ် စိတ်ပျက် လာရခြင်းကြောင့် စိန်ခေါ်မှုနှင့် ရင်ဆိုင်နေရသည်။

ပြီးခဲ့သည့် သီတင်းပတ်က ထုတ်ဝေသည့် သုတေသနစစ်တမ်းတစ်ခုတွင် အတိုက်အခံ ကွန်ဆာဗေးတစ် ပါတီနှင့် လစ်ဘရယ်ပါတီ အပါအဝင် အတိုက်အခံ ကွန်ဆာဗေးတစ် ညွန့်ပေါင်းအဖွဲ့တို့အကြား ထောက်ခံမှုရာခိုင်နှုန်း ၅၀-၅၀ ရရှိထားသည်။

အင်န်အိတ်ချ်ကေ

## ဂျပန်နိုင်ငံအနောက်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသော တောမီးကို ထိန်းချုပ်နိုင်ပြီ

တိုကျို မတ် ၂၈

ဂျပန်နိုင်ငံအနောက်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသော အဓိကတောမီးလောင်မှုနှစ်ခုကို ထိန်းချုပ်နိုင်လိုက်ပြီဖြစ်သည်။ မိုးရွာသွန်းမှုကြောင့် အီမဲ့ဘာရီနှင့် အိုကာယာမာခရိုင် နှစ်ခုလုံးတွင် ဖြစ်ပေါ်လျက်ရှိသော တောမီးကို ငြိမ်းသတ်နိုင်ခဲ့ပြီဖြစ်သည်။

မတ် ၂၃ ရက် တောမီးလောင်ခဲ့သည့် အချိန်မှစကာ ယခုလို မိုးရွာသွန်းခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။ မိုးရွာသွန်းခြင်းကို မတ် ၂၈ ရက် နံနက်ပိုင်းတွင် အီမဲ့ဘာရီမြို့တွင် ပထမဆုံးတွေ့မြင်ခဲ့ရသည်။

အဆိုပါဒေသတွင် မည်သည့်မီးတောက်မျှ မတွေ့ရှိရတော့ကြောင်း မြို့တော်အရာရှိများက မတ် ၂၈ ရက်က ဆိုသည်။ သို့သော်လည်း တချို့ ဒရုန်းယာဉ်များက မီးကြွင်းမီးကျန် အနည်းငယ်ရှိကြောင်း ဖမ်းယူထားသည့် ပုံရိပ်များကို ပြန်လည်ပို့ဆောင်ခဲ့ကြောင်းလည်း ၎င်းတို့က ပြောသည်။

မီးလောင်မှုကြောင့် မတ် ၂၇ ရက်အထိ ဟက်တာ ၄၄၀ ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ လူနေအိမ်များနှင့် ကုန်လှောင်ရုံများအပါအဝင် အဆောက်အအုံ ၂၀ ခု ပျက်စီးခဲ့ကြောင်း၊ ထို့အတူ ဒေသခံ ၆၀၀၀ ခန့်ကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ရေးအတွက် အရေးပေါ် ရွှေ့ပြောင်းမိန့်များလည်း ထုတ်ပြန်ခဲ့ရကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## အမေရိကန်သွင်းကုန်များအပေါ် အခွန်စည်းကြပ်မှု လျှော့ချသွားမည်ဟု ဗီယက်နမ်ပြော

ဟနွိုင်း မတ် ၂၈

အမေရိကန်သွင်းကုန်များအပေါ် အခွန်စည်းကြပ်မှုလျှော့ချသွားမည်ဟု ဗီယက်နမ်နိုင်ငံက ကြေညာခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် အမေရိကန်နိုင်ငံနှင့် ကုန်သွယ်မှု ပိုငွေပြနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လာမည့်သီတင်းပတ်တွင် ဖြစ်ပေါ်လာနိုင်သည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အခွန်ထိုးစစ်ကို စိုးရိမ်လျက်ရှိသည်။

အစားအသောက်၊ စွမ်းအင်နှင့်မော်တော်ယာဉ် အပါအဝင် အမေရိကန်သွင်းကုန်များအပေါ် စည်းကြပ်ခွန် တစ်စိတ်တစ်ပိုင်း လျှော့ချရန် စီစဉ်လျက်ရှိကြောင်း ဗီယက်နမ်အစိုးရက မတ် ၂၅ ရက်က ပြောကြားခဲ့သည်။

ထိုသို့ လုပ်ဆောင်ခြင်းဖြင့် မိတ်ဖက်နိုင်ငံများအကြား ကုန်သွယ်ရေး ချိန်ခွင်လျှာကို ပိုမိုကောင်းမွန်စေနိုင်သည်ဟု ဗီယက်နမ်ဘဏ္ဍာရေး ဝန်ကြီးက ပြောသည်။ အမေရိကန်သမ္မတ ထရမ့်သည် ဧပြီ ၂ ရက်တွင် အပြန်အလှန်အခွန်စည်းကြပ်မှုများ လုပ်ဆောင်သွားမည်ဟု အလေးပေး ပြောကြားခဲ့သည်။ အမေရိကန် ကုန်ပစ္စည်းများအပေါ် စည်းကြပ်ခွန် မြင့်မားသည့် သို့မဟုတ် ဟန့်တားမှုရှိသည့် နိုင်ငံများကို ပစ်မှတ်ထားပြီး ယခုလို လုပ်ဆောင်ခြင်းဖြစ်သည်။

အမေရိကန်သည် ဗီယက်နမ်နိုင်ငံ၏ အကြီးမားဆုံး ပို့ကုန်နိုင်ငံဖြစ်ပြီး ပို့ကုန် ၃၀ ရာခိုင်နှုန်းခန့် တင်ပို့လျှက်ရှိသည်။ အမေရိကန်သည် ဗီယက်နမ်စီးပွားရေးအတွက် အဓိကအားထားရာ နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## ထိုင်းနိုင်ငံ၌ ငလျင်ကြောင့် ဆောက်လုပ်ဆဲမိုးမျှော်တိုက်ပြိုကျသဖြင့် လူ သုံးဦးသေဆုံး၊ ၈၁ ဦး ပိတ်မိနေ

ဘန်ကောက် မတ် ၂၈

ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ပြင်းအား ၇ ဒသမ ၇ အဆင့်ရှိ ငလျင်လှုပ်မှု ဖြစ်ပွားသဖြင့် ဆောက်လုပ်ဆဲ အထပ် ၃၀ အမြင့်ရှိ မိုးမျှော်တိုက် ပြိုကျမှုကြောင့် လူသုံးဦး သေဆုံးပြီး ၈၁ဦး ပိတ်မိနေကြောင်း ထိုင်းအာဏာပိုင်များက ပြောသည်။ ငလျင်ကြောင့် အပျက်အစီးများအောက်ရှိ ပိတ်မိနေသူများကို ကယ်ဆယ်ရေး လုပ်ငန်းများ ပြုလုပ်လျက်ရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။




အလားတူ အခြားဆောက်လုပ်ရေးလုပ်ငန်းခွင် တစ်ခုတွင်လည်း ကရိန်းပြိုကျမှုဖြစ်ပွားရာ လူတစ်ဦး သေဆုံးခဲ့ကြောင်း ထုတ်ပြန်သည်။ ငလျင်သည် ဘန်ကောက်မြို့၏ ဒေသအများအပြားတွင် ပြင်းထန်စွာလှုပ်ခဲ့ကြောင်း၊ ငလျင်လှုပ်မှုများ၏ နောက်ဆက်တွဲ သက်ရောက်မှုများနှင့် ပတ်သက်၍ စိုးရိမ်မိကြောင်း ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်က မှတ်ချက်ပြု ပြောကြားသည်။

အဆိုပါ ငလျင်မှာ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ လာအိုနိုင်ငံတို့ကိုလည်း သက်ရောက်ခဲ့ကြောင်း သိရသည်။ မတ် ၂၈ ရက် ညနေ ၆ နာရီ မိနစ် ၄၀ အထိ ထိုင်းနိုင်ငံ၌ ငလျင်လှုပ်မှုကြောင့် လူပေါင်း ၆၈ ဦး ဒဏ်ရာရရှိခဲ့သဖြင့် ဆေးရုံသို့ ပို့ဆောင်ထားကြောင်းနှင့် ၎င်းတို့အနက် ငါးဦးမှာ စိုးရိမ်ရသည့်အခြေအနေတွင် ရှိကြောင်း သိရသည်။

ဆင်ဟွာ၊ ဘန်ကောက်ပို့စ်၊ အင်န်အိတ်ချ်ကေ

## အမေရိကန်နိုင်ငံ ကာရိုလိုင်းနားပြည်နယ်၌ တောမီးကြောင့် နေအိမ်များမီးလောင်

နယူးယောက် မတ် ၂၈



ကာရိုလိုင်းနား မြောက်ပိုင်းနှင့် တောင်ပိုင်း ပြည်နယ်များ တစ်လျှောက် တောမီးလောင်မှုများ ဖြစ်ပေါ်လျက်ရှိရာ ဒေသခံများ ဘေးလွတ်ရာသို့ရွှေ့ပြောင်းရပြီး မတ် ၂၆ ရက်အထိ အရေးပေါ်အခြေအနေ ထုတ်ပြန်ခဲ့သည်။ မြောက်ကာရိုလိုင်းနားရှိ ပေါ့ခ်ဒေသတွင် မိသားစုပေါင်း ၂၅၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

အိမ်ခြေ ၂၀ ခန့်နှင့်အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း ခရိုင်ပြည်သူ့သတင်းအချက်အလက် အရာရှိ ကယ်လီကနန့်နက ပြောသည်။ ခြောက်သွေ့သည့်ရာသီဥတု၊ လေပြင်းများ တိုက်ခတ်မှုနှင့် ဟာရီကိန်း မုန်တိုင်းကြောင့် လဲကျခဲ့သည့် သစ်ပင်များကြောင့် တောမီးလောင်မှုမှာ ဆက်လက်ပျံ့နှံ့လျက်ရှိသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိပြီး မတ် ၂၆ ရက် ခြောက်သွေ့သည့်ရာသီဥတု အခြေအနေကြောင့် တောမီးကို ပို၍အားကောင်းစေခဲ့သည်။ မြောက်ကာရိုလိုင်းနား အုပ်ချုပ်ရေးမှူး ဂျို့စတိုင်းက ဒေသခံများအနေဖြင့် နိုးနိုးကြားကြားရှိကြရန်နှင့် အရေးပေါ် သတိပေးချက်နှင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အမိန့်ထုတ်ပြန်မှုတို့ကို သတိထားကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

တောမီးကြောင့် မြောက်ကာရိုလိုင်းနား ပတ်ဝန်းကျင် အရည်အသွေးဌာနမှ လေထုအရည်အသွေးမှာ ကျန်းမာရေးနှင့် မညီညွတ်ကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့သည်။ မီးခိုးမြူနှင့် အမှုန်အမွှားများသည် အထူးသဖြင့် ကလေးများ၊ သက်ကြီးရွယ်အိုများနှင့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ပြဿနာရှိသူများအတွက် ဆိုးရွားသည့်ကျန်းမာရေး အခြေအနေကိုဖြစ်ပေါ်စေကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့သည်။

ဆင်ဟွာ

## စစ်ဆင်ရေးအတွင်း အီရတ်က အိုင်အက်စ်စစ်သွေးကြွ ခုနစ်ဦးကို ဖမ်းဆီး

ဘဂ္ဂဒက် မတ် ၂၈

အီရတ်တပ်ဖွဲ့က အန်ဘာ၊ ကယ်ကွတ်နှင့် နင်နဗာ့ပြည်နယ်တစ်ဝန်း စစ်ဆင်ရေးလုပ်ငန်းများပြုလုပ်ရာ အိုင်အက်စ် စစ်သွေးကြွ ခုနစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း အီရတ်ကာကွယ်ရေးဝန်ကြီးက မတ် ၂၆ ရက် ထုတ်ပြန်ချက်တွင် ပြောကြားသည်။

အီရတ်တပ်မတော် ထောက်လှမ်းရေးတပ်ဖွဲ့များက မြေပြင်တပ်ဖွဲ့များနှင့် ပူးပေါင်း၍ အိုင်အက်စ်တို့ ပုန်းအောင်းရာ နေရာများကို အလစ်ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးခံရသူများမှာ ယခင်က အီရတ်လုံခြုံရေးတပ်ဖွဲ့များကို တိုက်ခိုက်မှုပြုလုပ်ရာတွင် ပါဝင်ခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အီရတ်က ၂၀၁၇ ခုနှစ်အတွင်း အိုင်အက်စ်တို့ကို အောင်မြင်ခဲ့ကြောင်း ကြေညာခဲ့သော်လည်း လက်ကျန်အုပ်စုများက မြို့ပြ၊ ကျေးလက်ဒေသများနှင့် ဝေးလံခေါင်သီသောဒေသများရှိ အရပ်သားများနှင့် လုံခြုံရေးတပ်ဖွဲ့များကို တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## မြင်းခြံမြို့နယ်၌ ပဲပုပ် တစ်ဧကလျှင် ၁၂ တင်းခန့် ထွက်ရှိ



မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပဲပုပ်သီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း၊ မြင်းခြံမြို့နယ်အတွင်း ပဲပုပ်သီးနှံကို ဧက ၆၂၀၀ စိုက်ပျိုးခဲ့ရာ စိုက်ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးဖြစ်ကြောင်း ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲပုပ်သီးနှံကို စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စိုက်ပျိုးပြီး ငါးလခန့်အကြာတွင် ရိတ်သိမ်းရကြောင်း၊ ပဲပုပ်သီးနှံကို ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး မြေပြုပြင်ခြင်း၊ သွင်းအားစု၊ မျိုး၊ လုပ်အားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၆၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၂ တင်းခန့် ထွက်ရှိပြီး တောင်သူများက မြင်းခြံမြို့ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချကာ အကျိုးအမြတ်များ ရရှိလျက်ရှိကြောင်း ပဲပုပ်စိုက် တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

DOCA (မန္တလေး)

## မြစ်သားမြို့နယ်၌ ပဲကျား(ဆောင်း)သီးနှံများ ရိတ်သိမ်းပြီးစီး



မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာများသည် ဆည်ရေသောက်ဒေသဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ပဲကျားသီးနှံကိုလည်း စိုက်ပျိုးကြကြောင်း၊ ပဲကျားသီးနှံကို ၃၃၁ ဧက စိုက်ပျိုးထားရှိပြီး ယခုအချိန်တွင် စိုက်ဧကအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်း ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲကျား(ဆောင်း) သီးနှံကို အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် စိုက်ပျိုးပြီး လေးလခန့်အကြာ ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် ရိတ်သိမ်းရကြောင်း၊ ပဲကျား(ဆောင်း) သီးနှံကို ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် အတန်းလိုက်စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ်နှစ်သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ၁၂ -၁၄ တင်းကြား ထွက်ရှိပြီး တောင်သူများက ကျောက်ဆည်၊ မြစ်သား၊ ကူမဲမြို့များရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချ၍ ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကာ အကျိုးအမြတ်များ ရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မန္တလေး)

## ကျောက်ဆည်ခရိုင်၌ ဖီးကြမ်းငှက်ပျောသီးကို စီးပွားဖြစ်စိုက်ပျိုး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် အညာဒေသလယ်တွင်းကိုးခရိုင်တွင် တစ်ခုအပါအဝင်ဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကိုအခြေခံ၍ စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံမျိုးစုံ၊ ငရုတ်၊ သရက်နှင့် ငှက်ပျော စသည့်သီးနှံများကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ ငှက်ပျောသီးနှံကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်စိုက်ပျိုးလာကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ငှက်ပျောစိုက်ဧကအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၁၂၈၂ ဧက စိုက်ပျိုးပြီး ၁၂၆၄ ဧက ခုတ်ယူပြီး ဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ငှက်ပျောသီးကို ရာသီမရွေးစိုက်ပျိုးနိုင်ပြီး တစ်ဧကလျှင် အပင်ရေ ၈၀၀ ခန့် ဝင်ဆံ့စိုက်ပျိုးရကြောင်း၊ ပင်ခြားတန်းခြား ရှစ်ပေခြား စိုက်ပျိုးကာ စိုက်ပျိုးပြီး ၉-၁၀ လခန့်အကြာတွင် ငှက်ပျောဖူးများ စတင်ထွက်ရှိ၍ ငှက်ပျောဖူးထွက်ပြီး သုံးလခန့်အကြာတွင် ရောင်းတန်းဝင်ငှက်ပျောခိုင်များ ခုတ်ယူရရှိလာကြောင်း၊ ကျောက်ဆည်ဒေသ၌ ဖီးကြမ်းငှက်ပျောမျိုးများကို အဓိကထား စိုက်ပျိုးကြပြီး ပျိုးပင်၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၅ သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ငှက်ပျောခိုင် ၈၀၀ ခန့်၊ လှည်းအစီးအရေအတွက်အားဖြင့် အစီး ၂၀ ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ငှက်ပျောပွဲစားများက ခြံများသို့ လာရောက်ဝယ်ယူ၍ ကျောက်ဆည်မြို့ဒေသတွင်း၊ ရွှေသိမ်တော်ဘုရားရှိ ကန်တော့ပွဲရောင်းချသည့်ဆိုင်များနှင့် ရန်ကုန်၊ မန္တလေး၊ ပဲခူးမြို့များသို့ တင်ပို့ရောင်းချကြောင်း၊ ငှက်ပျောခိုင်၊ ငှက်ပျောအရွက်၊ ငှက်ပျောအသားတက်(ပင်ပေါက်)များပါ ရောင်းချရသဖြင့် တစ်ပင်လုံးအသုံးဝင်သော ဖီးကြမ်းငှက်ပျောများ စိုက်ပျိုးရာတွင် အကျိုးအမြတ်များရရှိပြီး တွက်ခြေကိုက်သည့်အတွက် စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။

DOCA (မန္တလေး)

## မြစ်သားကြက်သွန်နီ မူဆယ်၊ မြဝတီနှင့် ရန်ကုန်ဈေးကွက်သို့ တင်ပို့

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသတစ်ခုဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ကြက်သွန်နီ (ဆောင်း) သီးနှံကို ကျောက်ဆည်မြို့နယ်တွင် ၇၈၈၆ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၃၅၁၅ ဧက၊ မြစ်သားမြို့နယ်တွင် ၁၅၅၀၁ ဧက စုစုပေါင်း ၂၆၉၀၂ ဧက စိုက်ပျိုးခဲ့ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ကြက်သွန်နီ(ဆောင်း)သီးနှံကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် စိုက်ပျိုးပြီး မတ်လတွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း၊ ရွှေဖလားကြက်သွန်နီမျိုးများကို စိုက်ပျိုးပြီး တစ်ဧကလျှင် နှစ်ပြည်ခွဲခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးရာတွင် မျိုးစေ့ကိုပျိုးထောင်၍ ပျိုးသက်ရင့်ချိန်တွင် ပေါင်စိုက်စနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၂၅ - ၃၀ သိန်းကြား ကုန်ကျကြောင်း၊ တစ်ဧကလျှင် ပိဿာချိန် ၃၀၀၀ ခန့် ထွက်ရှိပြီး တောင်သူများက ကျောက်ဆည်မြို့ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချ၍ ပွဲရုံများမှတစ်ဆင့် မူဆယ်၊ မြဝတီနှင့် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အကျိုးအမြတ် ပိုမိုရရှိစေရန်အတွက် အချို့တောင်သူများမှာ တက်ဈေးမျှော်မှန်း၍ ကြက်သွန်နီများကို တူးဖော်ခြင်းမရှိသေးဘဲ စိုက်ခင်းထဲ၌ ထားရှိခြင်းလည်းရှိကြောင်း ကြက်သွန်နီစိုက်တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

DOCA (မန္တလေး)



သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံး၀)ကူးစက်ခြင်း မရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါ ရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

( ၁ ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု မြှင့်တင်ရန်၊
( ၂ ) ဝက်ခြံများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
( ၃ ) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်း မပြုရန်၊
( ၄ ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင် အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
( ၅ ) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
( ၆ ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
( ၇ ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
( ၈ ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
( ၉ ) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့် နေရာများ (နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့ကမော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်းမပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
( ခ ) လမ်းဆုံလမ်းခွ၊
( ဂ ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့်ကုန်းထိပ်၊
( င ) တံတားအဝင်ဝနှင့် တံတားအပေါ်၊
( စ ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
( ဇ ) လမ်းအလယ်တွင် မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်း သတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
( ဋ ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
( ဌ ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက် (Yellow Box) နေရာ၊
( ဍ ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော် ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် တွံတေးမွေးမြူရေးဇုန် ကန်ကြီးကုန်းရေလှောင်ကန် ဖွင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၂၈**

နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် တွံတေးမွေးမြူရေးဇုန်သို့ရေပေးဝေမည့် ကန်ကြီးကုန်းရေလှောင်ကန်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက အဆိုပါရေလှောင်ကန်၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက တွံတေးမွေးမြူရေးဇုန်၏ နေ့စဉ်ပျမ်းမျှရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် အချင်း ၈ လက်မ၊ အနက်ပေ ၅၀၀ ရှိသော စက်ရေတွင်း လေးတွင်း တူးဖော်ပေးခဲ့ပြီး ဆိုလာစနစ်ဖြင့် လိုအပ်သောရေကို နေ့စဉ်ဖြည့်ဆည်းပေးဝေလျက်ရှိကြောင်း၊ ယနေ့ဖွင့်လှစ်သည့် ကန်ကြီးကုန်းရေလှောင်ကန်သည် နှစ်ပေါင်း ၁၁၂ နှစ်ကျော်ရှိသည့် ရေလှောင်ကန်ဟောင်းတစ်ခုဖြစ်၍ ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ပြီး ကန်ပေါင်အလျား ပေ ၅၅၀၊ အမြင့် ၂၆ ပေ၊ အကျယ် ၁၅ ပေ၊ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာ ၇၉ ဧကရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏ ဧက ပေ ၅၈၀ (ရေဂါလန်ပေါင်း ၁၅၆ သန်း) သိုလှောင်နိုင်ကြောင်း။ တမံအောက်ဘက်ရှိ ကျေးရွာများ သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေနိုင်ရန် နှစ်ပေအချင်းရှိ ရေထုတ်ပြွန်တစ်ခုကို ထည့်သွင်းတည်ဆောက်ထား၍ လယ်မြေဧက ၁၂၀ ကျော်ကို နွေစပါးနှင့် ဆောင်းသီးနှံများအတွက် စိုက်ပျိုးရေ ဖြည့်ဆည်းပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ရေလှောင်ကန်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းတွင် ပင်မကန်ပေါင်ပြုပြင်ခြင်း၊ ရေထုတ်ပြွန်တည်ဆောက်ခြင်း၊ ရေပိုလွှဲနှင့် ရေပိုလွှဲမြောင်းကူးတံတား တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ကန်အတွင်းရှိရေများကို ဆိုလာရေစုပ်ပန့်များအသုံးပြု၍ ရေစုပ်တင်ပေးသွားမည်ဖြစ်ပြီး မွေးမြူရေးဇုန်များအရောက် ရေပေးဝေခြင်းလုပ်ငန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၍ မွေးမြူရေးဇုန်၏ ရေလိုအပ်ချက်ကို လုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ကြောင်းပြောကြားသည်။



ထို့နောက် ကန်ကြီးကုန်းရေလှောင်ကန်ကို တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦး၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေလှောင်ကန်ပြုပြင်တည်ဆောက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများနှင့် ရေလှောင်ကန်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၈**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒိုက်ဦးမြို့ မြို့အဝင် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း ၁၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၂၅၂၀၀) ကို လည်းကောင်း၊ ဘုရားကြီးမြို့ ထူးစက်သုံးဆီဆိုင်အနီး၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၉၂၅၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**ဖမ်းဆီးရမိ**

ထို့အတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း ၅၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၆၉၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်**

၂၀၂၅ ခုနှစ် မတ် ၂၇ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၉၉၄၂၀၀) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေး မတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများ အတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရောဝတီတံတား (မလွန်) ရေလမ်းပြောင်းလဲမည်

**နေပြည်တော် မတ် ၂၈**

ရောဝတီတံတား (မလွန်) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် အစုန်၊ အဆန် ရေလမ်းကို ရေလယ်တိုင်အမှတ် (၄) နှင့် (၅) အကြားမှ ဖွင့်လှစ်ပေးထားသည်။ ယခုအခါ ရေကြောင်းအခြေအနေအရ တံတားရေလမ်းကြောင်းကို ဧပြီ ၁ ရက်မှစ၍ အစုန်ရေလမ်းကို ရေလယ်တိုင်အမှတ်(၄)နှင့် (၅) အကြားမှ လည်းကောင်း၊ အဆန်ကို ရေလယ်တိုင် အမှတ် (၃) နှင့် (၄) အကြားမှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၉၈ မီတာရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါအစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါမီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင် အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက်သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန် မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့် နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သောပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ။

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသော အခန်းနှင့်ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၉) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင်ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ဆေးခန်း/ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

**(မတ်လ၊ ၂၀၂၅)**

# ဟိုပုံးမြို့၌ အင်အားပြင်း ငလျင်လှုပ်ခတ်မှုကြောင့် သီရိမင်္ဂလာရွှေချမ်းသာမွေတော် ပင်မစေတီတော် စိန်ဖူးတော်နှင့် ထီးတော်မြေခ



**ဟိုပုံး မတ် ၂၈**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီးရှိ ပင်မစေတီနှင့် အရံစေတီများ ထီးတော်မြေသို့ ခခဲ့ကြသည်။

အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့မှုကြောင့် သီရိမင်္ဂလာ ရွှေချမ်းသာမွေတော်ဘုရားကြီးရှိ ပင်မစေတီ ထီးတော်မြေခ၍ အရံစေတီများဖြစ်သည့် စေတီအမှတ်(၁၈၆) ထီးတော်ပျက်စီးတစ်ဆူ၊ စေတီအမှတ် (၂၂၆) ကိုယ်လုံးတော် အက်ကွဲတစ်ဆူ၊ စေတီအမှတ် (၂၃၀) ထီးတော်ကြာမှောက်ထိပြိုတစ်ဆူ၊ စေတီအမှတ်(၃၇) ထီးတော်ပျက်စီးတစ်ဆူ၊ စေတီအမှတ်(၃၈) ထီးတော်ပျက်စီးတစ်ဆူ၊ စေတီအမှတ်(၃၉) တစ်ဆူလုံးပြိုကျတစ်ဆူ၊ စေတီအမှတ်(၄၀) တစ်ဆူလုံးပြိုကျတစ်ဆူ၊ စေတီအမှတ် (၄၂)ထီးတော်ပျက်စီးတစ်ဆူနှင့် ခြင်္သေ့ရုပ်တုနှစ်ခု ပျက်စီးဆုံးရှုံးခဲ့သည်။ အဆိုပါသီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီးရှိ ပင်မစေတီနှင့် အရံစေတီများပျက်စီးမှုအား ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ ဟိုပုံးတပ်နယ်မှူး ဗိုလ်မှူးချုပ် သန့်ထင်စိုးနှင့် အရာရှိကြီးများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များ၊ သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီး ဂေါပကအဖွဲ့ဝင်များ ပျက်စီးဆုံးရှုံးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆောင်ရွက်ကြကြောင်း သိရသည်။

ဟိုပုံးမြို့နယ်၌ မတ် ၂၈ ရက်တွင် ငလျင်လှုပ်ခတ်မှုကြောင့် ရှေးဟောင်းသမိုင်းဝင် မွေတော်ဘုရားကြီး ထီးတော်ပြိုကျပျက်စီးခြင်းနှင့် အရံစေတီရှစ်ဆူတို့တွင် ထီးတော်ပျက်စီးခြင်း၊ ကိုယ်လုံးတော်အက်ကွဲခြင်း၊ အရံစေတီ ပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ရာ ပင်မစေတီတော်အထက်ဌာပနာမှ ဆင်းတုတော်များ၊ စိန်ဖူးတော်နှင့် ဌာပနာအတွင်း ထည့်သွင်းပူဇော်ထားသည့် တန်ဖိုးကြီးရတနာများအား မွေတော်ဘုရားကြီး ဂေါပကအဖွဲ့များနှင့် တာဝန်ရှိသူများ မှတ်တမ်းတင်သိမ်းဆည်းထားရှိကြောင်း သိရသည်။ **ပအိုဝ်းဒေသ(ပြန်/ဆက်)**

## ငလျင်လှုပ်မှုကြောင့် မင်းဘူးမြို့ နဂါးပွက်တောင်ပရိဝုဏ်အတွင်း ထိခိုက်ပျက်စီး



**မင်းဘူး မတ် ၂၈**
မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ယနေ့မွန်းလွဲပိုင်းက လှုပ်ခဲ့သည့် မြေငလျင်ကြောင့် မင်းဘူးမြို့ အထင်ကရ နဂါးပွက်တောင် အထွက်ပေါက်မုခ်ဦးရှိ ဆိုင်းဘုတ်ပြုတ်ကျကာ အဆိုပါတောင်ပရိဝုဏ်နှင့် အနီးပတ်ဝန်းကျင်၌ ထိခိုက်ပျက်စီးမှုများဖြစ်ပွားကြောင်း သိရသည်။

အဆိုပါ ငလျင်လှုပ်မှုကြောင့် နဂါးပွက်တောင်ဝင်း အတွင်းရှိ မြေကြီးများအက်ကွဲ၍ ရွှံ့ညွန်အနည်းငယ် ပေါ်ထွက်လာခြင်း၊ ဂေါပကရုံးခန်း အုတ်နံရံအက်ကွဲခြင်း၊ နဂါးပွက်တောင်အစ်မတော် တောင်တက်လမ်း ဝင်ပေါက်ဘေး နဂါးရုံဘုရားခန်း အောက်ခံကြမ်းပြင်နှင့် အုတ်နံရံအက်ကွဲခြင်း၊ အလှူခံဌာန အဆောင်ရှိ သမံတလင်း အနည်းငယ်အက်ကြောင်းထင်ခြင်း၊ ဒေသအခေါ် အစ်မတော်တောင် (တောင်မကြီး) နဂါးပွက်အိုင်အား ဘိလပ်မြေဖြင့် ပတ်ခွေထားသည့် အုတ်အပိုင်းများကျိုးပဲ့၍ နဂါးပွက်အိုင်၌ရွှံ့ရည်များ တစ်ပေခွဲခန့် နိမ့်ကျခြင်း၊ နဂါးပွက်တောင် ထွက်ပေါက်အပေါ်ရှိ ဆိုင်းဘုတ်အောက်ခံထောင့် ညာဘက်ခြမ်းကျိုးပဲ့၍ မြေပြင်သို့ တစ်ခြမ်းစောင်းအနေအထားဖြင့် ပြုတ်ကျကာ ဝင်ပေါက်အနီး မြေသားကွဲအက်ခြင်းများ ဖြစ်ပွားခဲ့သည်။

ထို့အပြင် မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတောင်ဘက်ရှိ မင်းဘူး-ကျောက်တန်းကားလမ်း၌ ပေါင်းကူးတံတားတစ်စင်း နိမ့်ဝင်ကျိုးပဲ့ပျက်စီးပြီး ကွန်ကရစ်ကားလမ်း အက်ကွဲပျက်စီးခြင်းများဖြစ်ပေါ်ကာ သနပ်ခါးတောရပ်၊ ရေနံတွင်းဟောင်းတစ်တွင်းမှ ရေနံခါတ်ငွေ့နှင့် ရွှံ့ညွန်များ ရောနှောထွက်ပေါ်ခြင်းမျာ ဖြစ်ပွားကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**



ရှမ်းပြည်နယ် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့ မင်းရန်အောင်စေတီတော်ရင်ပြင်၌ မတ် ၂၇ ရက် နံနက်က ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများစုပေါင်း၍ သံဃာတော်အပါး ၃၅၀ အား ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။ အေဇက်ထွန်း(မက်မန်း)

## ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)အတွင်း စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်

**သာယာဝတီ မတ် ၂၈**
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက သာယာဝတီမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု၌ နွေစပါးစံပြကွက် ဧက ၂၀၀ စိုက်ပျိုး အောင်မြင်နေမှုကို ကွင်းဆင်း ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ တစ်နှစ် နွေစပါးနှစ်သီး တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ရာသီမပြတ်သီးနှံစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေရရှိရေး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ကုန်ထုတ်လမ်းတစ်လျှောက် သီးပင်စားပင် စိုက်ပျိုးသွားရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာယာဝတီမြို့နယ် ချောင်းသုံးခွကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း ဧက ၅၀ နွေနှမ်းပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးနေမှုနှင့် အုတ်ဖိုမြို့နယ် လင်းလွန်းပင်ကျေးရွာအုပ်စု၌ တောင်သူ ဦးကြည်စိုး၏ နွေနှမ်း ၁၀ ဧက ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး နှမ်းစိုက်ဧကများအားလုံး ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးသွားရန်၊ အောင်ရေရရှိရေး ဆောင်ရွက်ပေးရန်၊ ရေသွင်းမြောင်းများ စနစ်တကျဆောင်ရွက်ရန်နှင့် စက်မှုလယ်ယာစနစ်ကို တွဲဖက်ပြောင်းလဲဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရွှေတောင်မြို့နယ် ကြို့ကုန်းကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း အောင်နိုင်တိုးစပါး ဧက ၁၀၀ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှု၊ စုပေါင်းမြေဩဇာ ကြဲပက်နေမှုနှင့် စပါးမျိုးရှစ်မျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုပြီး ပြည်မြို့ ရွှေဝါထွန်းကုမ္ပဏီမှ ထုတ်လုပ်လျက်ရှိသည့် အင်ဂျင်ဝိုင်အဟောင်းသုံး မီးဖိုထုတ်လုပ်နေမှုကို သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)





## ပြင်းထန်ငလျင်ကြောင့် သဲကုန်းမြို့နယ်ရှိ ပြည်သူ့ဆေးရုံနှင့် အဆောက်အအုံအချို့ပျက်စီး

**သဲကုန်း မတ် ၂၈**
ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်း ယနေ့ မွန်းလွဲပိုင်းက အင်အား ရစ်(ခ်) တာစကေး ၇ ဒသမ ၇ အဆင့်ရှိ မြေငလျင်လှုပ်မှုကြောင့် သဲကုန်းမြို့ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ဆေးရုံ အမျိုးသားလူနာဆောင်နံရံနှင့် ကြမ်းခင်းအက်ကွဲမှုဖြစ်ပေါ်ခဲ့ပြီး တန်ဖိုးငွေကျပ် ၁၉၈ သိန်းခန့် ပျက်စီးဆုံးရှုံးကြောင်းနှင့် မြို့နယ်ဟင်းသီးဟင်းရွက်နှင့် ပန်းမန်သုတေသန ဗဟိုဌာန (စိုက်/သုခြံ) ခြံစည်းရိုးအုတ်တံတိုင်း ပြိုကျမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ မြို့နယ် (ပြန်/ဆက်)




ကျိုက်လတ်မြို့နယ်ရှိ တည်းခိုခန်းများ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်စေရန် မတ် ၂၈ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနိုင်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

**ငလျင်လှုပ်ခတ်ပါက လဲကျသွားနိုင်သည့် အန္တရာယ်မှ ကာကွယ်ရန် ထိုင်ချပါ။**
**ဦးခေါင်းကို ဦးစားပေး အကာအကွယ်ယူပါ။ အခိုင်အမာဆုံးနေရာကို မြဲမြံစွာ ကိုင်ထားပါ။**

# ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

## ငလျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုံတွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ငလျင်လှုပ်နေချိန်တွင်ပြုမူနေထိုင် ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၁

၃။ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများ၊ တွဲလောင်း ကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။



၄။ မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊အရေးကြီး စာရွက် စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၅။ မိမိအိမ်၏ ခိုင်ခံ့ မှုကို ပုံမှန်စစ်ဆေးပြီးတောင့်တင်း ခိုင်မာအောင်ပြုလုပ်ထားပါ။



## ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်၊ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ ( ၅ ) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြံစွာကိုင် ထားပါ။

၂

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။



၄။ ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။



၅။ မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။




၃

၆။ ဆိုင်ကယ်၊ ကားစသည်တို့မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။



## ငလျင်လှုပ်နေစဉ်တွင် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။



၂။ ဓာတ်လှေကားများ အသုံးမပြုပါနှင့်။



၄

၃။ အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်းမပြုပါနှင့်။



## ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ၊မိသားစုဝင် များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်း ကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၅

၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

## ငလျင်လှုပ်ပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံ၏ ခိုင်ခံ့မှုကိုစစ်ဆေးခြင်း မပြုဘဲမဝင်ရ။

၂။ မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

၆

၃။ ဆည်၊ရေလှောင်ကန်များ အနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်ပြီး ရေကြီးနိုင်သည်။

၄။ တာဝါတိုင်များ၊မျှော်စင်များ၊အထပ်မြင့်အဆောက် အအုံများ ပြိုကျနိုင်သဖြင့်အနီးသို့မသွားပါနှင့်။

# ရေနံချောင်းတက္ကသိုလ်၌ ပြည်ပစာတမ်းရှင်များပါဝင်သည့် တတိယအကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ



**ရေနံချောင်း မတ် ၂၈**

မကွေးတိုင်းဒေသကြီး ရေနံချောင်းတက္ကသိုလ်၌ "ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သည့် သုတေသနနှင့် တီထွင်ဆန်းသစ်မှု" ခေါင်းစဉ်ဖြင့် ပြည်ပစာတမ်းရှင်များ ပါဝင်သည့် တတိယအကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားကို မတ် ၂၅ ရက်က ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က စာတမ်းရှင်များအတွက် ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းကို ရေနံချောင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအေးအေးသန့်ထံ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ရေနံချောင်းတက္ကသိုလ်ပါမောက္ခချုပ်က သုတေသနစာတမ်းဖတ်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သုတေသနစာတမ်းဖတ်ပွဲကို မတ် ၂၅ ရက်မှ ၂၆ ရက်အထိ ရေနံချောင်းတက္ကသိုလ်အတွင်းရှိ နေရာ လေးနေရာတွင် ဖတ်ကြားပြီး တစ်နိုင်ငံလုံးရှိ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်ကျောင်း ၂၁ ကျောင်းမှ စာတမ်းရှင်များနှင့် ပြည်ပစာတမ်းရှင်များက Humanieies and Art ခေါင်းစဉ်ဖြင့် စာတမ်း ၂၆ စောင်၊ Natural Science ခေါင်းစဉ်ဖြင့် စာတမ်း ၇၂ စောင်၊ Social Science ခေါင်းစဉ်ဖြင့် စာတမ်း ၁၄ စောင်၊ Engi-neering, Innovation and Infrastructure ခေါင်းစဉ်ဖြင့် စာတမ်းကိုးစောင် စုစုပေါင်း စာတမ်း ၁၂၁ စောင်ကို စာတမ်းရှင်များက ဖတ်ကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကျိုက်မရောမြို့နယ်၌ ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပ

**ကျိုက်မရော မတ် ၂၈**

